ဘုန်းကြီးနှင့်မဲ

ဘုန်းကြီးများ မဲပေး မဲယူမှု-ကိစ္စများအတွက်

အကျိုးအပြစ်ကိုသေချာစွာဆဝေဘန်၍

တိတိလင်းလင်း ရေးသား

ဖွင့်ချအပ်သော

ဘုန်းကြီး နှင့် မဲ

(မူပိုင်)

ရှာဖွေစုဆောင်းရေးသားသူ

ဦးတင့်ဆွေ

ပဌမကျော်, ပါဠိမဟာဝိဇ္ဇာ

ထုတ်ဝေဖြန့်ချိရာဌာန

ဦးဘသောင်း-စာပုံနှိပ်တိုက်။

၂၃၉၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

အဘိုး ၆-၈၁။

မာတိကာစဉ်။

ဦးရေ	မာတိကာစဉ်။	မျက်နှာ
၁	ရှေးသူဟောင်းစကား	၁
၂	ဥစ္စာကုန် လင်ကုန်ရှုံး၍ နစ်နာပုံများ	၃
	သာသနာနှင့် သံသရာအခက်း	
၃	သာသနာကုန်ရှုံးတော့ အနာကြီးနာပုံ	၅
၄	သာသနာနှင့် လောကဥချမ်းသာအမျိုးမျိုး	၆-၇
၅	ထွက်ရပ်ပေါက် ရဟန်း ၄ မျိုး	၈
၆	ရဟန်းအဖြစ် အထက်တန်းစားကျပုံ	၉
၇	ရဟန်းအဖြစ်နှင့် ဘုရား၏မူလရည်ရွယ်ချက်	၁၀
၈	ဘုန်းကြီးအလုပ်နှင့် လူ့အလုပ်	၁၁
၉	မဲနှင့် မဲ၏တန်ဘိုး	၁၂
၁၀	ဘုန်းကြီးနှင့် မင်း၊ဘုန်းကြီးနှင့်လူ ဆက်ဆံရေး	၁၄
၁၁	ဝိနည်းနှင့် ရဟန်းကိစ္စမပြီးသေးပုံ	၁၇
၁၂	ဝိနည်းပြစ် ၇ နှင့် အသေးအဖွဲ့အပြစ်များ	၁၉ ၂၀
၁၃	မဲပေး မဲယူအတွက် အပြစ်ရှိပုံများ	၂၃ ၂၈
၁၄	သွေးအန်ထွက်သော ရဟန်းများဝတ္ထု	၂၉
၁၅	ရေကပတ္တ နဂါးမင်း၀တ္ထု	၃၂
၁၆	ကပိလ ရဟန်း၀တ္ထု	၃၅
၁၇	မရှောင်ရာ ဆန္ဒင်းလူးမိ၍ အရိုက်ခံရပုံ	၃၈
၁၈	ဘုရားရှင်၏ ကဲ့ရဲ့ရှုတ်ချ စကား	၄၀
၁၉	ရဟန်းကိစ္စကြီးပွားရေးနှင့် ပျက်စီးရေး	၄၁
၂၀	ကောသလမင်းကြီး အိပ်မက်ခက်း	၄၂
၂၁	ဘုန်းကြီးမိုက် မိဘမိုက် ဆရာမိုက်	၄၃
၂၂	စာလဲတတ် သီလလဲ ရှိအောင်လုပ်	၄၅
၂၃	ဆင်ခြေဆင်လက် သမားများ သတိပြုဘွယ်	၄၆
၂၄	ဝတ္ထု ၄ ပုဒ် ဝေဘန်ချက်	၄၇
၂၅	ကိုယ်တိုင် ဆုံးဖြတ်နိုင်ရန် (နိဂုံးစကား)	၄၈

နိဒါန်း

ဤစာအုပ် ရေးသားရခြင်း အကြောင်း

၁၃၀၈-ခုနယုန်လဆုတ် ၁၃ ရက် (၁၉၅၆- ဇွန်လ ၂၇) ရက်နေ့ အင်္ဂလန် ပါလီမန် လွှတ်တော်က သံဃာတော်နှင့် သီလရှင်များကို မဲပေးမဲယူမှု ခွင့်ပြု ဆုံးဖြတ်ချက် ချမှတ်ပြီးသည်ကစ၍ သံဃာတော်များနှင့် လူများတို့က သတင်းစာများ၌ သင့်မသင့်ကို အမျိုးမျိုး ဝေဘန်အပြန်အလှန် ရေးသားလျက်ရှိကြ၏။

အချို့ သံဃာ့အဖွဲ့များကလည်း ထိုမဲပေးရေး ဥပဒေကို ပြန်လည် ဖျက်သိမ်းပေးရန် ဘီးလပ် ပါလီမန်သို့ပင် သံကြိုး ရိုက်ကြ၏၊ မြန်မာပြည် ဘုရင်ခံထံသို့လည်း စာတင်ကြ၏၊ လူများဆိုင်ရာ ဘာသာရေး အဖွဲ့ကြီးများကလည်း မြန်မာပြည် ဘုရင်ခံထံ ကိုယ်စားလှယ် လွှတ်ကြကာ ထိုမဲပေးကိစ္စကို ယုတ်သိမ်းရန် တိုက်တွန်းပေးဘို့ အရေးတယူ ပြောဆိုကြ၏။

မြို့နယ် အရပ်ရပ်ကလည်း ဆုံးဖြတ်ချက် အမျိုးမျိုး ချမှတ်ကြ၏၊ ၎င်းတို့တွင် မဲပေး မဲယူမှု မသင့်တဲ့ဘက်က ဆုံးဖြတ်ချက် များသည်ကို သတင်းစာများ၌ တွေ့ရ၏။

ယနေ့အထိ ပါလီမန် လွှတ်တော်က ဘယ်ပုံ ဘယ်နည်း အရေးယူသည်ကိုကား မသိရသေး၊ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဘုရားရေး ဘာသာရေး သာသနာရေးကို ပိုမိုလိုက်စား အရေးထားသော နိုင်ငံ ဖြစ်၏၊ ယင်းသို့ အရေးတယူ ဂရုတစိုက် ရှက်ဆောင်ကြစေကာမူ ဘာသာ သာသနာတို့၏ မှန်မြတ်လှပုံကို ချေချင်ငံ သိရှိကြသူ အလွန် နဲပါးလျက်ရှိ၏။ သာသနာရေး လုပ်ငန်းနှင့် လောကရေး လုပ်ငန်းတို့ကိုငှင်း ဘုန်းကြီးလုပ်ငန်းနှင့်- လူ့လုပ်ငန်းကိုငှင်း၊ ကွဲကွဲ ပြားပြား နားမလည်၊ ရောပြွမ်း သောပြွမ်း နားလည်ကြ၏။

ယင်းသို့ နားမလည်ကြခြင်း တို့ကြောင့် ကိုယ်လုပ်ငန်း ရဲ့ကဲ့ထွက်ကြကာ ကိုယ့်သဘောနှင့်ကိုယ် (ထိမ်းမနိုင် သိမ်းမရ) ဆိုတာလို ကိုယ်လုပ်လိုတာကို ပြုလုပ်လျက် ရှိကြ၏။

သာသနာရေးသည် နိုင်ငံရေးမဟုတ်သလို ဘုန်းကြီး ရဟန်းတို့ အလုပ်သည်လည်း လူ့အလုပ်နှင့် မပတ်သက် မသက်ဆိုင်၊ ကိုယ့်လုပ်ငန်းမဟုတ်၊ ကိုယ့်နှင့် မသက်ဆိုင်သည်ကို ဘုန်းကြီးများ ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် သာသနာရေး၌ အသားမတက်၊ ဂုဏ်မထင် လောကရေး နိုင်ငံရေးအတွက်လဲ အကျိုးမများ၊ ကိုယ့်ရေး ကိုယ့်တွက်တာကား ရစရာ မရှိအောင် ဖြစ်ချေသည်။

ကျွန်ုပ်သည်ကား (၁) သာသနာ၏ စင်ကြယ်ကောင်းမွန်ရေး၊ (၂) သာသနာတော် အဆင့်အတန်းနှင့် ဂုဏ်သိရ် တိုးတက်ရေး၊ (၃) ဘာသာတရား တိုးတက် ကောင်းမွန်ရေး၌ စိတ်ထားရှိကာ (ဘုန်းကြီးနှင့်မဲ) စာအုပ်ကို ရေးသား ထုတ်ဝေရပါကြောင်း။

တင့်ရွှေ

(ပဥ္စမကျော်- ပါဠိမဟာဝိဇ္ဇာ)

၁၃၀၈-ခု တော်သလင်းဆန်း(၂)ရက်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘုန်းကြီး နှင့် မဲ

ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးနတ်သည် ဤသာသနာတော်မြတ်ကြီးအား အစဉ်သဖြင့် စောင့်ရှောက် တော်မူပါစေသတည်း။

ရှေးသူဟောင်း စကား

(၁) ဥစ္စာကုန်ရှုံးတော့ တခါကပ်။
(၂) လင်ကုန်ရှုံးတော့ တသက်လုံးမှောက်။
(၃) သာသနာကုန်ရှုံးတော့ ဘဝသံသရာလုံးမှောက်။

မန်လည်ဆရာတော်ကြီး မိန့်ခွန်း

(၁) ရဟန်း ရဟန်း၊ မည်ပြဒ္ဒါန်းလျက်၊ ရဟန်းဟူလစ် ခေါ်ရာဖြစ်၍၊ ဗနစ်ခေါက်ချိုး၊ ချုပ်ရိုးခက်ခက်၊ ဖန်ရည်စွင်းသား သင်္ကန်းဝါဝါ၊ ဦးပြည်းကာဖြင့်၊ ပညာကင်းပ၊ သီလပဲ့မျိုး၊ အတွင်းဆိုးကား၊ အကျိုးတစိ၊ ဘယ်မှာရှိလိမ့်၊ မေဒ်မိမေဒ်မန်း၊ နေကာဆန်းနှင့်၊ ရဟန်းကျင့်ဝတ်၊ တပါးချွတ်ကာ၊ လူနတ်မကြိုက် ကဲ့ရဲ့ထိုက်၏။ (မဃဒေဝ လင်္ကာသစ်)။

(၂) ရဟန်းသိက္ခာ၊ မဟုတ်ရာ၌၊ လေ့လာကျင့်မှု၊ အားထုတ်ပြု၍၊ တန့်ဥာဏ်နှု၊ ရှင်အရလည်း၊ စကျွံ့သောဝဏ၊ မနုဟူပေ၊ ရှုဋ္ဌခြောက်ပါး၊ မစောင့်ပြားပဲ၊ တရားမဲ့စွာ၊ သင်္ကန်းဝါနှင့်၊ ပညာမရှိ၊ သတိမမူ၊ ရှာနေလူသို့။ (မဃဒေဝ လင်္ကာသစ်)။

(၃) အချို့ကကား၊ သမဏ သညာ၊ သက်သက်ကွာလျက်၊ ရှင်ဝါ ပုရိုဟိတ်၊ အကြံရိုက်ဖြင့်၊ ညွှန်ကြား လူ၊ နေ့မှု ရဟန်း အကျင့်ဆန်းနှင့်၊ သင်္ကန်း သပိတ်၊ ပရိက္ခရာ၊ ဆောင်ကာ ဝမ်းရေး အသက်မွေး၏၊ (မဃဒေဝ လင်္ကာသစ်)၊

(၄) လူမှာ လူဖြင့်၊ လူသာသင့်၏၊ ရှင်နှင့်မလျော်၊ ရှင်သာ ရှင်ဖြင့်၊ ရှင်သာ သင့်၏၊ လူနှင့်မရော၊ မအင်ရောတည့်၊ ဖြည့်ရွာကိစ္စ၊ ဟူသမျှ၌၊ ကာမ ပိတက်၊ ညှိရမ္မက်ကို၊ မဆက်မဆံ တို့ပြီဘူး။ (မဃဒေဝ လင်္ကာသစ်)

(၁) နမုဏ္ဍကေန သမဏော၊
အဗ္ဗတော အလိကံ ဘဏံ၊
ဣစ္ဆာလောဘ သမာပန္နော၊
သမဏော ကိံ ဘဝိဿတိ။
(ဓမ္မပဒ ပါဠိတော်)

မုဏ္ဍကေန-ဖန်ရည်တင်စွမ်းဝတ်သင်္ကန်းကို၊ ဆင်းမြန်းကိုယ်မှာ ခေါင်းတုံးကာဖြင့်၊ နသမဏော-ဘုန်းကြီးရဟန်း မဟုတ်သေးချေ။ အဗ္ဗတော-သီလအကျင့်မှ ကင်းသော။ အလိကံ-ချွတ်ချော်တိမ်းပါး မလျော်သည်များကို။ ဘဏံ-ဘဏန္တော-ပြောဆိုပြုကျင့်လေ့ရှိသော၊ ဣစ္ဆာလောဘသမာပန္နော-အာရုံ အမျိုးမျိုး၌ ကပ်ငြိတွယ်တာသော အလိုရမ္မက်နှင့် ပြည့်စုံသော သူသည်၊ သမဏော ကိံ ဘဝိဿတိ- ဘယ်မှာလျှင် ဘုန်းကြီး ရဟန်း ဖြစ်နိုင်ပါအံ့နည်း၊

(ဆိုခဲ့ပြီး ရှေးသူဟောင်း စကားသုံးခွန်းကာစ၍ မြွှေပဒပါဠိတော်တိုင်အောင်သော စကားတို့ကို အတွင်းသွင်းကာ အောက်ပါအတိုင်း ချဲ့ထွင် စီစဉ်ရေးသား ထားပေသည်၊)

ဥစ္စာကုန်ရှုံးတော့ တခေါက်

ကူးသန်း ရောင်းဝယ်မှု လို့ဆိုတဲ့ ကုန်သည်လုပ်ငန်း၏ အခွင့်အရေးမှာ (ရေစီးတခါ ရေသာတလှည့် ဆင်းရဲတခါ ချမ်းသာတလှည့်ဆိုသလို) ရှုံးချင်တဲ့အခါလဲ ရှုံးသွား၏၊ မြတ်ချင်တဲ့အခါလဲ မြတ်စွန်းလာ၏၊ ဘယ်အခါမဆို အရှုံးချည်းဘဲလဲ မဖြစ်နိုင်၊ အမြတ်အစွန်းချည်းဘဲ လဲမဖြစ်နိုင်၊ သို့ရာတွင် အကြံဥာဏ် သတိဝီရိယ များစွာနှင့်၊ ရောင်းဝယ်မှုပြုလုပ်သူတို့အတွက်ကား အရှုံးနဲပါးကာ အမြတ်အစွန်း များပြားစွာပင် ဖြစ်လာ၏၊ ဒီတခါ ဒီ[illegible]ခေါက် ရှုံးသော်လဲ နောက်တခါ နောက်တခေါက် မြတ်စွန်း[illegible]သေး၏ ဒီကုန်နဲ့ ဒီတခေါက်ရှုံးသော်လဲ ဟိုကုန်နဲ့ ဟိုအခေါ[illegible] မြတ်စွန်း နိုင်သေး၏၊ ဤအကြောင်းတို့ကို အစွဲပြု ကြပြီးလျှင် (ဥစ္စာကုန်ရှုံးလျှင် တခေါက်ဟု) ရှေးသူဟောင်းတို့ ဆိုရိုး ဆိုစမှတ် ပြုကြကုန်သည်၊ (ရှုံးမှု မြတ်မှု တို့မှာ ကာလ အားဖြင့် များစွာ ကြာလှသည်မဟုတ်၊)

လင်ကုန်ရှုံးတော့ တသက်လုံးမှောက်

(ဤနေရာ၌ ကုန်ဆိုသည်မှာ လိုချင်ဇရာ ထိုထိုနေရာ၌ အသုံးဝင် အသုံးချစရာဖြစ်တဲ့ သက်ရှိသက်မဲ့ အမျိုးမျိုး တွေပင် ဖြစ်သည်၊ ယောကျ်ား များသည် မိန်းမများက လိုချင်စရာ ကုန်ပစ္စည်းမျိုးဖြစ်သလို မိန်းမများလဲ ယောကျ်ားများရဲ့ လိုချင်စရာ ကုန်ပစ္စည်း တမျိုးပင်လို့ ဆိုရပေသည်၊ လင်ယူသားမွေးမှု အိုးအိမ်တည် ထောင်မှု ကိစ္စတို့မှာ လောကလုံးစံ မွှေဘာ အလျောက် သင့်တော်သော အချိန်အခါတိုင် ရောက်သည်နှင့်တပြိုင်နက် ပြုလုပ်ကြရမည့် ကိစ္စ ရှက်ဆောင်ပေးကြရမည့် ကိစ္စ

များ ဖြစ်ပေသည်၊ ဘယ်ကုန်ပစ္စည်းမျိုးမဆို သူ့အချိန်နှင့်သူ ရောင်းဝယ်မှုပြုပါမှ မြတ်စွန်းခြင်းဖြစ်နိုင်သလို အချိန်နဲ့အခါနဲ့ လင်ယူမှုမယားယူမှု သားမွေးမှုပြုကြမှလဲ လူ့ရေးရာအတွက် အကျိုးစီးပွား ဖြစ်ထွန်းရာသည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း ပညာအရည်အချင်းရှိခြင်း အကျင့်စာရိတ္တ ကောင်းမွန်းခြင်းတို့မှာ များနှောပင် တန်ဘိုးကြီးကုန်သည်၊ ယောကျ်ားပင်ဖြစ်စေ မိန်းမပင်ဖြစ်စေ လင်အရာ၌ ထားရှိရမည် သူပင်ဖြစ်စေ မယား ရာ၌ ထားရှိရမည့် သူမပင် ဖြစ်စေဆိုခဲ့ပြီး အရည်အချင်းများ ပြည့်စုံ မည်ဖြစ်ခဲ့လျှင် အလွန်အဖိုး ထိုက်တန်သော မိန်းမ ယောကျ်ားများဟု ဆိုရပေမည်၊ ဆိုခဲ့ပြီး တန်ဘိုး တရချရှိသော ယောကျ်ားနှင့် (လင်ကုန် ကူးမိ) လက်ထပ် ထိမ်းမြားမိသော မိန်း-များမှာ (အေတူ ပူအမှု-နှစ်ကိုယ့် တစိတ်)ဖြစ်ကြကာ တသက်လုံး ချမ်းချမ်းသာသာ ဖြစ်ကြရုံမျှမက နောက်နောင် ဘဝများစွာအတွက်လည်း ချမ်းသာဘို့ရာ များလျက်ရှိ၏၊ တန်ဘိုး ဘာတခု မျှ မရှိသော ယောကျ်ားနှင့်(လင်ကုန်ကူးမိ၊လင်ယူမှား မိသူ မိန်းမတို့ကား မျက်မှောက် တသက်လျာမျှ ချမ်းသာဘို့ မရှိသည့်ပြင် နောင်ဘဝ ကောင်းကျိုးအတွက်လဲ ချမ်းသာဘို့ရာ မမြင်။(လင်ဆိုးမယား တဖါးဖါး၊ သားဆိုး|မအေ တတေတေ) ဆိုသလို ပစ္စည်းရှာလို့ ရပေမယ်လို့ မယားကို ပေးချင်မှပေး။ ပြတ် တနပ် တော်တနပ်သား။ သပုတ် လေသွင့်ပြော၊ညှင်းပန်းချင်တိုင်း ညှင်းပန်းသော လင်ယောကျ်ားဖြစ်မူကား တသက်လျာတွင် တနေ့မှ စိတ်သက်သာ စိတ်ချမ်းသာဘွယ် ရစရာမရှိ၊ တ ရွာမကောင်း တရွာပြောင်း တလင်မကောင်း တလင်ပြောင်းဆို သလို တလင်မကောင်းတိုင်း နောက်တလင်ပြောင်း နေစေကာ

မှု မျက်စိမြင် နားကြား လောကအနေအထားအားဖြင့် တန်ဘိုး မရှိနိုင်ပြီး၊ တန်ဘိုးရှိသော မိန်းမဘားယောက် မဖြစ်နိုင်တော့ပြီ ဟုဆိုခဲ့ပြီး အကြောင်းအရာတို့ကို ထောက်ထား၍ လင်ကုန်ရှုံး လျှင် တသက်လုံးမှောက်) ဟု ဆိုရိုး ပြုကြကုန်သည်။ (လင်ကုန်ရှုံးမှုကြောင့် နစ်နာမှုမှာ သေသည့်အထိ ဖြစ်၍ တသက်လျာမျှ ကာလ ကြာ၏။) ယခုပြဆိုအပ်သတိ အခေါ်အဝေါ်မှစ၍ ပြီးဆုံး သည်တိုင်အောင်ကား သာသနာ့ ကုန်ရှုံး တော့ တသံသရာ လုံး မှောက်ပုံ တည်း။

သာသနာ့ ကုန်ရှုံး တော့ တသံသရာလုံး မှောက်
(ဘုန်းကြီးနှင့် ရဟန်း)

ဘုန်းကြီးဟူသော အမည်သည် ဘုန်းတန်ခိုးကြီးမြတ်သော လူ-င်းတို့နှင့်သည်း ဆက်ဆံသော အမည်ဖြစ်ရကား ဂုဏ် ဓာတ်အားဖြင့် မြင့်မြတ်သူဘိုင်းနှင့် ဆက်ဆံသော အမည် သာ ညဖြစ်သည်၊ ရှေးက မြန်မာမင်းများကို ဘုန်းတော်ကြီးဘုရား ဟုရင်း-ဘော်ကြီးဘုရားဟုရင်း ခေါ်ကြသည်ကို ထောက်ထား ရာသည်၊ ရဟန်းဟူသော အမည်ကား ဗိနည်းဒေသနာတော်အရ ဥပသမ္ပဒကံဖြင့် မြင့်မြတ်သည့်အဖြစ်သို့ ရောက်သော သံဃာ တော်တို့၏ အမည်ဝိသေသ(အမည်ထူး)ဖြစ်သည်။ ဘုန်းကြီးအမည်ကဲ့သို့ လူတို့နှင့် ဆက်ဆံသော အမည်မဟုတ်။ ဤမှာပြ သည်ရွှ ကား ရဟန်းအမည်ဘက် ဘုန်းကြီးအမည်ကိုသာလျှင် တွင် ကျယ်စွာ သိရှိနားလည်လျက် ရှိကြသည်။

သာသနာ့ ကုန်ပစ္စည်းများ

သုခေါ ဗုဒ္ဓါနံ-ဥပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

(ချမ်းသာကြီး ၄ မျိုး၊ဖြစ်နိုမာဖြစ် အခါမွှယ်)

(၁) လောကသူ လောကသား ဗိုလ်လူအများတို့၏ အကျိုးစီးပွားကို အတိုးတက်ဆုံး အပွားများဆုံးဖြစ်အောင် ဆောင်ကြဉ်းသော တရားခင်းဖြစ်သော ဘုရားရှင်များ ပွင့်တော်မူလာခြင်းသည် လောက ကောင်းကျိုး အတွက် အချမ်း သာဆုံး ကာလကြီးပင်တည်း။

(၂) နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြား နာယူရခြင်းသည် အကောင်းဆုံး ချမ်းသာခွင့်ကြီးပင်တည်း။

(၃) တကာနှင့်သံဃာ-သံဃာနှင့်သံဃာ အချင်းချင်းတို့၏ ...ယ်စိတ် ကြည်ဖြူ-အယူ-မလွဲ-တကွဲမဖြစ်-ကုိယ်ဝတ်တော် ...ငါင်း ညီညီ ညွတ်ညွတ် ဖြစ်ကြရခြင်းသည် အကောင်းဆုံး ...မ်းသာခွင့်ကြီးပင်တည်း။

(၄) အသူသီလ ရှုချကြသူအပေါင်း သူတော်ကောင်းတို့၏ နိဗ္ဗာန်ပေါက် စိတ်ထားဖြင့် ပိပိပြားပြား ကျင့်ကြံ နေထိုင်ကြခြင်းသည် သာသနာရေးနှင့် သံသရာရေး စင်ကြယ်ရန် အကြောင်း အကောင်းဆုံး ချမ်းသာကြီးပင်တည်း။

ပစ္စည်းလေးပါးနှင့် ချမ်းသာမှု

အစားအစာ အဝတ်ပုဆိုး နေထိုင်ဘို့ တဲအိမ်စသည့် အဆောက်အအုံ ကျန်းမာရေးအတွက် ဆေးဝါးစသည် ပြည့်စုံသူ တဦးတယောက်သည် လူမှုရေးရာ ကြီးပွါးလမ်းအတွက် ချမ်းသာပေါ်၌ ထိုင်၍ ရှက်ဆောင်ရသလို မင်္ဂ ဖိုလ် နိဗ္ဗာန်ဟူသော လောကမှ ထွက်မြောက်ကျိုး ရှားမှီးကြ လိုသော ဘုန်းကြီး ရဟန်းများအတွက် ချမ်းချမ်းသာသာ ရှက်ဆောင်နိုင်ကြရန်

အလို့ငှာ သင်္ကန်း-ဆွမ်း-ကျောင်း-ဆေး-ဟူသောပစ္စည်း၄ပါးတို့ကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့သည်၊ ပစ္စည်း ၄ ပါးကို အလွယ်တကူ ရရှိမှုဟူသော ချမ်းသာမျိုး မှာ ဗုဒ္ဓသာသနာ ဘာသာမှတပါး အခြားသာသနာ ဘာသာတို့၌ မရရှိနိုင်သော အခွင့်အရေးမျိုး ချမ်းသာမျိုးပင် ဖြစ်သည်။

မင်္ဂ ဖိုလ် နိဗ္ဗာန်ချမ်းသာ

အဆိုပါ ပစ္စည်း ၄ ပါးတို့ကို လွယ်ကူစွာ ရရှိနိုင်သော အခွင့်အရေး၌ ထောက်တည် ကြကာ စာပေကျမ်းဂန် သင်အံ...သာမှု တရားဘာဝနာ ပွားများလေ့လာမှု တရား၌ မွေ့လျော်...များကြောင့် ဖြစ်ခသာချမ်းသာ ရှာန်ချမ်းသာနှင့် လောက...ထွက်ရာပေါက်ဖြစ်သော နိဗ္ဗာန်ချမ်းသာ တို့ကား သာသနာတော်တွင်း၌ရှိသော (လိုချင်စရာ-ရယူချင်စရာ- သုံးဆောင်ခံစားချင်စရာ ဖြစ်သော) သာသနာ့ကုန်ပစ္စည်း အမျိုးမျိုးတို့ဖြစ်သည်ဟု ဆိုသိုက်ကုန့်သတည်း။

ယခုဆိုခဲ့ပြီးသော စကားအစဉ်ဖြင့်(၁)သာသနာတော်ကြီးကား ကုန်ပုံဆိုင်ကြီး ဖြစ်ပုံ၊ (၂) သာသနာတွင်းရှိ ချမ်းသာ အမျိုးမျိုးတို့ကား ကုန်ပစ္စည်း အမျိုးမျိုး ဖြစ်ပုံ၊ (၃) ပစ္စည်း ၄ ပါးပေါ်၌ ထိုင်ကြသော ရဟန်းဘို့ကား သာသနာ့ကုန်သည်ကြီးများ ဖြစ်ပုံတို့မှာ ထင်ရှားသိသာလောက်ပေပြီ၊ ကုန်ပုံဆိုင်ကြီးနှင့် သာသနာ့ကုန်သည်ဖြစ်တဲ့ ဘုန်းကြီး ရဟန်းတို့၏ မြင့်မြတ်ပုံနှင့် ကုန်ကူးမှား၍ တသံသရာလုံး မှောက်ပုံတို့ကား အောက်ပါအတိုင်း ဖြစ်တော့သတည်း။

သာသနာ ဘာသာ၏ မှန်မြတ်ပုံ
(ထွက်ရပေါက် ရဟန်း ၄ မျိုး)

လောကသားများအတွက် ကျွန်ုပ်တို့ဘုရားရှင်၏ မှချ ရည်ရွယ်ချက်ကား သောကနယ်ပယ်က ထွက်မြောက်စေဘို့ပင်ဖြစ်သည်၊ ကျွန်ုပ်တို့ဘုရားရှင် မပွင့်မီက လောကမှ ထွက်မြောက်စေဘို့ နည်းလမ်းကောင်း-အကျင့်ကောင်းများ မရှိ၊ လောကနယ်ပယ်ထဲ၌ ဖုံဆန့်ကျင်သည့်စေကြောင်းဖြစ်တဲ့ နည်းလမ်းနဲ့-အကျင့်များသာ ရှိသည်၊ ထွက်မြောက်ရာ အကျင့်ကောင်း မရှိ ဖြင့် လောကနယ်ပယ်က ထွက်မြောက်တဲ့ ပုဂ္ဂိုလ်တို့လဲ မရှိခဲ့၊ ကျွန်ုပ်တို့ဘုရားရှင် ပွင့်တော်မူလာသည့် အခါ၌ကား သောတာပတ္တိ-သကဒါဂါမိ အနာဂါမိ-ရဟန္တာ ဟူသောထွက်ရပေါက် ရဟန်း ၄ မျိုးဖြစ်ပေါ်ခဲ့လေပြီ၊ ဤဗုဒ္ဓသာသနာ ဘာသာမှတပါး အခြားသော ဘာသာ သာသနာတို့၌ကား သောတာပန်စသည် ရဟန်းကောင်း ရဟန်းစစ် ၄ မျိုးကိုမရနိုင်ပြီ၊ ထို့ကြောင့် ကျွန်ုပ်တို့ ဘုရားရှင်ကပင် (သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေ- အခြားအယူဘာသာ သာသနာတို့သည် သောတာပန်စသော ရဟန်း ၄ မျိုးမှကင်းဝေးကုန်၏) ဟုမိန့်တော်မူလေပြီ၊ ထို့ကြောင့် ကျွန်ုပ်တို့ သာသနာဘောင်သည် သာသနာတော်ပေါင်း များစွာတွင် အမွန်မြတ်ဆုံး အထွတ်အထိပ် အကျဆုံးဟု ဆိုအပ်ပေသည်၊ ဤသို့အားဖြင့် တကယ် အဖိုးထိုက်တန်သော ရဟန်းကောင်း ရဟန်းစစ် ၄ မျိုး ရကောင်း၍ ချမ်းသာ အစစ်အမှန်တို့ဖြင့် ထင်ရှားသော ဗုဒ္ဓဘာသာ သာသနာတော်၌ ရဟန်းအဖြစ် (ဥပါသကာ ဥပါသိကာအဖြစ်)၌ ပါဝင်ရခြင်း၏ မွန်မြတ်ပုံသည်လည်း နှိုင်းဆတွယ်ရာပင် မရှိနိုင်ပြီ။

ရဟန်းအဖြစ် မြင့်မြတ်ပုံ

ရဟန်းအဖြစ် ဆိုသည်မှာ အထက်တန်း ဂုဏ်သိရ်ရှိသူ ဤဘဝ၌ လူဖြစ်ကျိုးနပ်သူ လူစဉ်မှီသူဟု ဆိုအပ်ပေသည့် အကြောင်းကိုဆိုသော် အရိယာများနှင့် အသွင်တူခြင်း၊ အကျင့်တူခြင်း အဆင့်အတန်းတူခြင်းကြောင့် ဖြစ်၏၊ ရဟန်း ဖြစ်သူသည် အရိယာတို့ ဝတ်ရုံသော ဘုရားအရေတော်ကိုပင် ဝတ်ရုံနိုင်၍ အကျင့်သီလမှာလည်း ၎င်းတို့နှင့် တခုံတရာ ထူခြားခြင်း မရှိတဲ့ အတန်း အားဖြင့်လည်း အထက်ဆုံး ရဟန္တာနှင့် တူမျှလေသည်၊ အရိယာအဖြစ်တွင် ဂုဏ်သိရ် အကြီးဆုံး ရဟန္တာနှင့် ထိကွာအသို အရှိအသေ နေရာထိုင်ခင်း အ... နိုင်၏၊ ရဟန်းတော်မှာ ဘုရားကိုယ်တော်ဘိုင်ကဲ့သို့တရား... ပြောနိုင်ခွင့်ရှိ၍ ဘုရား ကိုယ်တော်ဘိုင်ကဲ့သို့ ရဟန်းအဖြစ်... ပေးနိုင်ခွင့် ရှိလေသည်။ ။(ပါရာဇိကဏ် အဋ္ဌကထာ၊ သင်္ဂြော အဋ္ဌကထာ။)

မိလိန္ဒ ပဉှာ အဆို

ရဟန်းအဖြစ် ရဟန်းဂုဏ်ဟူသည် တခဲနက် ကျောက်အတိပြီးသော မြင့်မိုရ်တောင်ကြီးကဲ့သို့ တရုံဘရသော အနှောင့်အယှက်မျိုး-ကဲ့ရဲ့ ရှုတ်ချမျိုးတို့ဖြင့် ယိမ်းရိုင် တုန်လှုပ်ခြင်း မရှိ၊ မြဲမြံ ခိုင်ခံ့လှ၍ အထက်ဆုံး အတန်းအဆင့်ရောက် မြင့်မြတ်သော ဂုဏ်သရေရှိ အလုပ်- ဂုဏ်သရေရှိ အသွင်အပြင် ဂုဏ်သရေရှိ အကျင့်သီလများပင် ဖြစ်လေသည်၊ လောကရေး အတွက်လည်း မယုတ်လျော့၊ ဓမ္မရေးအတွက်လည်း မွန်မြတ် အဘိုးမဖြတ်နိုင်သော ကောင်းကျိုးလုပ်ငန်း ဖြစ်သောကြောင့်

ဟူ၍၊ ရဟန်းတော်အဖြစ်၏ ပဋ္ဋက္ခ တမလွန်၌ပင် ရရှိခံစားအပ်သော မိမိကိုယ်တိုင်အတွက် အကျိုးစီးပွား များလှသောကြောင့် ထိုသို့သော အကျိုးကို ဤသို့ ဤမျှဟု အမိုးစားနား ရေနှုန်းထားရန် ချိန်စက်ရန် ချင့်တွယ်ရန် မစွမ်းဆောင်နိုင်ပြီ၊

(မိလိန္ဒ ပဉှာ ပါဠိတော်။)

(ထိုမှတပါး–ဒီဃနိကာယ် သီလက္ခန္ဓဝဂ် အဋ္ဌကထာ၊ မဇ္ဈိမ နိကာယ် မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာတို့၌ ရဟန်းအဖြစ် မြင့်မြတ်ပုံ အမျိုးမျိုး ဆိုလျက်ရှိသေး၏၊ ကျယ်အံ့ဖိုး၍ ချုံ့ပြီး။)

ဘုရားရှင်၏ မူလ ရည်ရွယ်ချက်

[illegible]ရှေ့ဆိုခဲ့ပြီးစကားများအရ ဘုရားရှင်သည် (ထိုမျှလောက် မြင့်မြတ် ထိုမျှလောက် အထက်တန်းရောက်သော) ရဟန်းအဖြစ်ကို ခွင့်ပြု ခွင့်ပေးခြင်းမှာလည်း ဆိုခဲ့ပြီး ပစ္စည်း ၄ ပါးတို့ဖြင့် နှစ်သိမ့်ကာ အလုပ်အကိုင်မဲ့ ချမ်းသာစွာ နေစေလိုရေး (ကိုယ်ထင်ရာ ကိုယ်လုပ်ရေး)အတွက် ခွင့်ပေးခြင်း ခွင့်ပြုခြင်း မဟုတ်၊ စင်စစ်သော်ကား တကဲ့ စေတနာ သဒ္ဓါတရားနှင့် ဝဋ်က ထွက်ရာပေါက် ဂေါ် မိုလ် နိဗ္ဗာန်သို့ တကယ်ရောက်ရာ ရောက်ကြောင်းအကျင့်၌ တကဲ့ စေနာ သဒ္ဓါနှင့် အားထုတ်ကြမည့် ပုဂ္ဂိုလ်များအတွက် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခြင်း ဖြစ်ပေသည်။

ရဟန်း ကျင့်ဝတ်

ဘုန်းကြီး ရဟန်းများ၏ ကျင့်ဝတ်ကား ဝိနည်းပိဋကတ်တော်လာ အကျဉ်းအားဖြင့် ၂၂၇-အကျယ်အားဖြင့် ကုဋေ

ပေါင်း ၉၀၀၀ ကျော် သိက္ခာသီလများနှင့် ခန္ဓကဝတ် မဟာဝတ် ဒွါသီတိဝတ်များပင် ဖြစ်လေသည်၊

ဘုန်းကြီးအလုပ်နှင့် လူ့အလုပ်

ဘုန်းကြီးရဟန်းအလုပ်ကားပဋိပတ် ကျင့်ဝတ် ဟူသော ဝိပဿနာလုပ်ငန်းနှင့် ထိုကျင့်ဝတ် လုပ်ငန်းကို ဖော်ပြသော ပိဋကတ်တော်များ၌ ပို့ချသင်အံမှုဟူသော ပရိယတ်လုပ်ငန်းအားဖြင့် လုပ်ငန်း ၂ မျိုးသာ ဖြစ်ကုန်သည်၊ (ဂန္ထဓုရနှင့် ဝိပဿနာဓုရတို့ဟုလည်း ဆိုအပ်ကုန်သည်၊) ထိုလုပ်ငန်း ၂ မျိုးမှတပါ[illegible] အခြားသော လုပ်ငန်းကိစ္စ ဟူသမျှတို့ကား လူ့အလုပ် လူမှု[illegible] ရာအလုပ်ဟုဆိုအပ်သော နိုင်ငံရေးရာ အလုပ်တို့ပင် ဖြ[illegible]သည်၊ ချဲ့ဦးအံ့-ပဋိပတ်လုပ်ငန်းဟူသည် မချအခွားဖြင့်[illegible] ပါးသော ဖြစ်၏၊ ၎င်းရှစ်ပါးမှာ ကိလေသာငြိမ်းရန် အခြေဖြ[illegible] သော သမထလုပ်ငန်းနှင့် ကေန် ကိလေသာငြိမ်းရေး ဝိပဿနာလုပ်ငန်းဟု ၂ မျိုး ရှိပြန်၏၊ ၎င်းလုပ်ငန်း ၂ ခုလုံး၏အခြေသည်ကား သီလစင်ကြယ် သန့်ရှင်းရေး သီလဝိသုဒ္ဓိပင် ဖြစ်တော့၏၊ သီလဆိုသည်မှာ ရဟန်းတို့ ကျင့်စဉ်အားဖြင့် ထင်ရှားသောအထက်ဖော်ပြပါ သိက္ခာကျင့်ဝတ်များပင်ဖြစ်၏၊ အဆိုပါ သိက္ခာသီလများ ရဟန်းသန္တာန်၌ စင်ကြယ်စွာ ဖြစ်ပေါ်တည်တန့်ရေးကား အရေးကြီးဆုံးသော အချက်ပင် ဖြစ်၏၊ ကျင့်ဝတ် သိက္ခာများက သူ့ဘာသာသူ ကျော်ထက် ပေအုပ် ဘုတ်အုပ် စသည်တို့၌ တည်ရှိနေကာမျှဖြင့်-ပါးစပ်က ဝတ်ကျေ ဝတ်ကုန် ရွတ်ဆိုနေကာမျှဖြင့် ၎င်းသိက္ခာသီလများသည် ရဟန်းများ သန္တာန်၌ တည်လာသည်မဟုတ်၊ စင်စစ်သော်ကား-ဘုရားရှင်

ဆွန်ပြတိုင်းပင် တကဲ့စေတနာ သဒ္ဓါနှင့် ကျင့်သုံး ဆောင်တည် နေသူများ သန္တာန်၌သာ စင်ကြယ်သော ထိက္ခာသီလများ တည်ရှိသာနိုင်ပေမည်၊ ထိုသို့ တည်ရှိပါမှလည်း ဘုရားရှင်၏ ရည်ရွယ်ရင်း ရဟန်းအဖြစ်နှင့် မုချ ညီညွတ်ရာသည်ဟု ဆိုလိုသတည်း။

ပရိယတ်လုပ်ငန်းဟူသည် ကျင့်ဝတ်ထိက္ခာများကို ဖော်ပြသော ဝိနည်းပိဋကတ်-သဘာဝ မွေကို ဖော်ပြသော အဘိဓမ္မာ ပိဋကတ်နှင့် ကျင့်ဝတ်ပဋိပတ်တို့၏ လိုက်နာကျင့် ဆောင်ရေး ကိုကို ဖော်ပြသော သုတ္တန်ပိဋကတ်ဟူသော ပိဋကတ်တော်တို့ကို တကာယ်-တကာယ် သင်အံလေ့လာမှု ပို့ချမှုတို့ပင်ဖြစ်သည် ...ကျက်တိုင် ကျောက်များ ဘုတ်အုပ် စသည်၌တည်ရှိစေကာ ...မိမိတို့ကိုယ်တွင်း၌ သွတ်သွင်းမှု လုပ်ငန်းမရှိလျှင်ကား ပရိယတ်လုပ်ငန်းကိုလည်း လုပ်သည် မမည်ဘော့ချေ။

နိဗ္ဗာန်နှင့်ဝေး ဥဒယနွေး

ထိုလုပ်ငန်း ၂ ခုကိုကား ကောင်းစွာမလုပ်၊ ရဟန်းဘို့ အရေးပေါ်တတ်သည့် လူမှုရေး နိုင်ငံရေးတို့၌ (လူတို့နှင့် ရောပြွမ်းကာ) ဝင်ရောက် လုပ်ကိုင်မှုကား ဘုရားရှင်နှင့်တကွ သာသနာတော်ကိုပါ ပုန်ကန်ရာ ရောက်တော့မည့်ပြင် (နိဗ္ဗာန်နှင့်ဝေး ဥဒယနွေး) ဆိုသော စကားနှင့်လည်း ညီညွတ်ခြင်း ဖြစ်ရာသည်။

မဲနှင့် မဲ၏ တန်ဘိုး အကြောင်း

မဲ-ဟူသည် (ဝိနည်းပိဋကတ်အဆို) အမှတ်အသား ရေးထားသော- ပေရွက်-ထမ်းရွက်-ပုရပိုက်-စက္ကူ စသည်ပင်

ဖြစ်၏၊ ယခုနိုင်ငံရေးဘဝ၌ကား ပေးမှု ယူမှုဖြင့် လူတဦးတယောက်၏ အလိုဆန္ဒကို ဖော်ပြသော ခဲပြား သွပ်ပြား စသည်ပင်ဖြစ်၏။

ဘုန်းကြီးများ မဲပေးခွင့် မပေးခွင့်နှင့် စပ်လျဉ်း၍ လောကရေးအားဖြင့် မဲဆန္ဒဟူသည် ဘယ်မျှလောက် တန်ဘိုးရှိသည် မရှိသည်နှင့် ဘယ်မျှလောက် ကောင်းကျိုး ဆိုးကျိုးတို့ ဖြစ်စေနိုင်-မဖြစ်စေနိုင်တို့ကို စိစစ်ကြ လိုအပ်ပေသည်၊ စိစင်သော် မဲတခုခုသည် ပြည့်ရှင်မင်းအဖြစ်သို့ ရောက်စေနိုင်၏၊ အမတ်ချုပ်ကြီး နန်းရင်းဝန် မှူးကြီး မတ်ကြီး မင်းတိုင်ပင်အမတ်... ဘုရားလူကြီးနှင့် ဟိုလူကြီး ဒီလူကြီး စသည်ဖြင့် ထိုထိုလူကြီး... အဖြစ်တို့သို့ ရောက်စေနိုင်၏၊ တင်ပေးနိုင်၏။ ဘုန်းကြီး...သည် ကိုယ်တိုင် ထိုသည့် အခွင့်အရေးများကို ယူလိုကလည်း (ထို... ၏တန်ဘိုးဖြင့်ပင်လျှင်)ရယူနိုင်၏၊ မဲဆန္ဒသည် ဆိုခဲ့ပြီး အခွင့် အရေးတို့သို့ ထိပ်တန်းရောက် တင်ပေးနိုင်သလို ထိုသည့် အခွင့်အရေးများမှလည်း အောက်ဆုံးရောက်အထိ လျော့ကျစေနိုင်သော အခွင့်အရေး အစွမ်းတန်ခိုး ရှိပြန်၏၊ ဘာသာရေးအားဖြင့် ကြည့်လိုမူကား-အောက်ဆုံးသော အပါယ်အခြားကို ကျော်လွန်ကာ အောက်ဆုံး ငရဲသို့ပင် ပို့နိုင်သေး၏၊ ထိုမျှ စကားအစဉ်ဖြင့် မဲ၏တန်ဘိုး တန်ခိုးအာနိသင်မည်မျှကြီးကျယ် တန်ဘိုးရှိသည်မှာ ထင်ရှားလျက်ရှိ ချေပြီ။

ထိုမဲပေး မဲယူ ကိစ္စအတွက် လုပ်မှု ကိုင်မှု ရွက်ဆောင်မှု စီမံခန့်ခွဲမှုအားဖြင့်၎င်း- ငွေရေး ကြေးရေး အားဖြင့်၎င်း-ပေါင်းသင်း ဆက်ဆံမှုအားဖြင့်၎င်း အလွန်လျှင် ရှုပ်ပွေသော- အလွန်လျှင် ပရိယာယ်ဉာဏ်များလှသော လူမှုရေး နိုင်ငံရေး ဘဝတို့၌

မဲပေး မဲယူအတွက် ဘုန်းကြီးများ ပါဝင်နိုင်ခွင့် ဖက်စွက်နိုင်ခွင့် ရှိခဲ့သော်- ပါဝင် ရွက်ဆောင် ခဲ့ပါသော် မိမိတို့ ဆိုင်ရာ သိက္ခာသီလ အမျိုးမျိုးတို့နှင့် ငြိစွန်းမှု မရှိနိုင်ပါဟု မည်သည့် ပုဂ္ဂိုလ် တဦး တယောက် ခြင်းဆိုဝန့်အံ့နည်း၊ ဘယ်ပုံ ဘယ်နည်း အဖြစ်ငြိစွန်းလျက် ရှိသည်ကိုကား နောင်၌ထင်ရှားပါလတ္တံ့။

ဘုန်းကြီးနှင့်မင်း ဆက်ဆံရေး

ဘုရားရှင် လက်ထက်တော် အခါကရင်း ပဌမ သံဂါယနာတင် ဆရာတော်များကစ၍ မြန်မာမင်း အဆက်ဆက် တိုင်အောင်သော ဆရာတော် သံဃာတော်တို့သည်ရင်း- ပြည့်ရှင်[မင်း]နှင့်ဆက်ဆံခဲ့ကြ၏၊ မင်းပိုင်း ရိုးပိုင်းရာဇဂိုဏ်းဝင်များနှင့်[လ]သည်း ဆက်ဆံခဲ့ကြ၏၊ မင်းကျွမ်းဝင်ခဲ့ကြ၏၊ ထိုသို့ ဆက်ဆံလာခဲ့ကြစေကာမူ သာသနာတော်သားပီပီ သာသနာရေး သာသနာ့ရာအတွက် သက်သက်သာလျှင် ဆက်ဆံတော်မူလာကြကုန်သည်၊ ယခုခေတ်တွင် ဘုန်းကြီးများက မင်း-မင်းပိုင်း ရိုးပိုင်းနှင့် ဆရာတကာအဖြစ်ဖြင့် ဆက်ဆံမှုသည်ရင်း ထို့အတူ တကာများက ဆရာများနှင့် သင်းပင်းဖွဲ့စေကာ ဆက်ဆံမှုသည်ရင်း လူမှုရေးနှင့် နိုင်ငံရေး ကိစ္စတို့သာ များသကဲ့သို့ရှိကုန်သည်၊ လူမှုရေး၌ ဘုန်းကြီးများ ပါဝင်လာသည့်အခါ (ဘုရားကားအောက် မျောက်ကား အထက်ဆိုသော စကားပုံ ကြမ်းကဲ့သို့) ထိုထိုလူအမျိုးမျိုးတို့၏ လွှခါးထစ်သဖွယ် လက်ကိုင်တုတ်သဖွယ် ဖြစ်ခဲ့ပြီ၊ ယခုလဲ ဖြစ်ဆဲ၊ နောင်လဲဘဲ ဖြစ်ကြဦးမည့် အခြေအနေများစွာ ပေါ်ထွက်လျက် ရှိချေသည်၊ ရှေ့ရှေ့ အခါတို့က တကာနှင့် ဆရာတို့မှာ သာသနာရေး အတွက်

အထက်တန်းကျကျ ဆက်ဆံခဲ့ရသလောက် ယခုနေခါကာလ နိုင်ငံရေးနှင့် ဆက်ဆံရာ၌ကား (ရဟန်းဂုဏ်နှင့် မတူ မတန်) အောက်တန်းကျကျ ဆက်ဆံခဲ့ကြရပြီ။

ဝိနည်းနှင့် သာသနာ

အဘိဓမ္မာ မတတ်၍ ခန္ဓာ ၅ ပါး သင်္ချာမျှကိုပင် မရေတွက်တတ်စေကာမူ လွန်စွာ အရေးမကြီးလှသေး၊ သုတ္တန်မတတ်၍ ကသိုဏ်း အသုဘ တရားကျက်ပင် နားမလည်သော်လဲ လွန်စွာ အပြစ်မဆိုသာလှသေး၊ ဝိနည်း ဒေသနာတော်အရ [ပြု]ရ ရဟန်းဖြစ်လာသော သာသနာ့ဝန်ထမ်းတို့မှာ ဝိနည်းကို[မ] မလည် ဝိနည်းကို မတတ်ကြမူကား အလွန့်အလွန် [ပျက်]သရေးကြီး လှတော့သည်။ ထိုကိုရည်၍ သင်္ဂမှ သံဂါယနာ[တင်] ထေရ်အရှင်မြတ်တို့က-

ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ-ဝိနည်းတရားတော်သည် သာသနာတော်၏ အသက် ဖြစ်၏၊ ဝိနည်းတရားတော်သည် (ရှင်ရဟန်းတို့၏ သန္တာန်၌ တည်နေလျှင် သာသနာတော် တည်နေ၏) ဟုဆိုတော်မူကုန်သည်။

ဝိနည်းဟူသည် ရဟန်းတို့၏ ကိုယ်ကျင့်တရားကို ဖော်ပြသော ပိဋကတ်တော် ဖြစ်၏၊ ၎င်းပိဋကတ်တော်၌ ရဟန်းကိုယ်ကျင့်တရား အကျဉ်း ၂၂၇-အကျယ် ကုဋေ ၉၀၀၀ ကျော် သီလများနှင့် ခန္ဓကဝတ် မဟာဝတ် ဒွါသီတိဝတ်များ ပြည့်စုံ လုံလောက်စွာ ပါရှိလေသည်၊ ဝိနည်းကျင့်ဝတ်များ ရဟန်းတို့ သန္တာန်၌ စင်ကြယ်စွာ တည်ရှိနေဖို့ကား အရေးအကြီးဆုံး

ကိစ္စတရပ်ဖြစ်သည်ကို အကြိမ်ကြိမ် အခါခါ ဆိုခဲ့ပြီ၊ မင်းတုန်းမင်းကြီး၏ ကျောက်ပြား ကျောက်ချပ် စသည်တို့၌ ထိုဝိနည်းဒေသနာတော်များ တည်ရှိနေသည်ကို ဝိနည်း တည်နေသည်ဟု မဆိုရ၊ ဝိနည်းတော်ကို တသဝေမတိမ်း လိုက်နာကျင့်ဆောင်သော ရဟန်းတော်များ ရှိမှသာလျှင် ဝိနည်းတည်သည်ဟု ဆိုရ၏၊ ထိုသို့သော ရဟန်းတော်များ မရှိခဲ့သော် ရဟန်းတော်များ အကျင့် ပျက်ပြားဖန် များခဲ့သော် ဝိနည်းတည်သည် မဆိုရတော့ပြီ၊ သာသနာဟု ဆိုအပ်သော အကျင့်သိက္ခာကို [illegible]းရွက်ကြသူတို့၏ သန္တာန်၌ ဝိနည်းတည်ခဲ့သော် သာသနာ [illegible] တည်သည်ဟု ဆိုရ၏၊ လူတယောက်၏ သေရေး ရှင်ရေး [illegible]ိုင်ရေး၌ အသက်ဝိဉာဏ် (အသက်သွေးခဲ) တို့သည် [illegible]ရေးကြီးဆုံး ဖြစ်သလို၊ ရှင် ရဟန်း ပြုလုပ်မှု (ဉာတ် ကမ္မဝါစာ)-မှုလက်စ ကစ၍ နောက် ထွက်ရာပေါက် ရဟန်းအခြေအထိ ဝိနည်းမပါလျှင် ရဟန်းကိစ္စ သာသနာတော်ကိစ္စ မပြီးနိုင်ရကား (ဝိနည်းသာလျှင်-ဝိနည်း ကောင်းစွာတည်သူ မတည်သူသာလျှင် သာသနာတော် တည်တန့်မှု မတည်တန့်မှုနှင့် သာသနာတော်၏ ကောင်းကျိုး ဆိုးကျိုးကို ဖန်တည်း နိုင်သဖြင့်) ဝိနည်းသည် သာသနာရေးအတွက် အသက်သွေးခဲ သဖွယ် အရေးကြီးဆုံး ဖြစ်သည်ဟု ဆိုအပ်သတည်း။)

ဘုန်းကြီးနှင့် ဝိနည်း

ဝိနည်းနှင့် သာသနာအကြောင်း ဘိရှိနားသည် ကြံခြင်းအားဖြင့် ဘုန်းကြီးနှင့် ဝိနည်းမှာ (လူနောက်၊ အရိပ်ပါ) ထိုသို ဘယ်နည်းနှင့်မှ ခွဲခွါ၍မရစကောင်း၊ မကွေမကွာ ဖြစ်ရမည့်ကိစ္စ

ပင် ဖြစ်သည်ကို ကောင်းကောင်းကြီး သိလောက်စရာ ရှိပါပြီ၊ ဝိနည်းနဲ့-နဲနဲခွဲခွါလျှင် နဲနဲအပြစ်၊ များများခွဲခွါလျှင် များများအပြစ်၊ ဝိနည်းကို ဂရုမစိုက် (ထင်ရာ လုပ်မည်ဖြစ်မှုကား) သာသနာတော်မှ လျောကျကာ သံသရာနယ်တွင်၌သာ ခေါင်းထောင်နိုင်ခွင့်ကိုပင် မရနိုင်တော့ပြီ၊ ဝိနည်းကို ဂရုမစိုက်ကြမူ၍ သာသနာ့ဝန် ထမ်းရွက်ကြသည့် ပုဂ္ဂိုလ်များအဘို့ မိတ်မသက်သာဘွယ် ရင်လေးဘွယ် ကောင်းလှတော့သည်၊ စာ-မတတ်သော်လဲ ဝိနည်း တတ်ရမည်၊ ဝိနည်းကို နားလယ်ရမည်၊ သုတ္တန်နှင့် အဘိဓမ္မာသာ အကျင့်တို့ကို မကျင့်လိုသော်လဲ [illegible] ဝိနည်းကို မကျင့်က မဖြစ်နိုင်၊ သုတ္တန် အဘိဓမ္မာတို့ကား [illegible]သနာ၏ အသက်မဟုတ်၊ ဝိနည်းသည်သာ သာသနာတော်[illegible] အသက်၊ သာသနာတော်ဆိုင်ရာ လုပ်ငန်းများ၌ အရေးအကြီးဆုံး လိုအပ်သော တရားပင်ဖြစ်၏၊ ယင်းသို့သော ဝိနည်း အကျင့် ရှိနေသူသည် ဝိနည်းရှိသူ၊ သာသနာရှိသူ၊ အသက်ရှင်နေသူ မည်၏၊ ထို့ကြောင့် ဘုရားရှင်က (အပ္ပမတ္တာ နဲ့ မိယန္တိ- မမေ့မလျော့သူ မသေ)ဟု ဟောတော်မူပြန်သည်။

ဝိနည်းနှင့် ရဟန်းကိစ္စ မပြီးသေး

အဋ္ဌကထာ ဆရာတို့က (ဝိနယော) ဟူသော စကားအရ ရဟန်းကျင့်ဝတ်ပြ ဝိနည်းပိဋကတ်ကိုသာ ရချအားဖြင့် ညွှန်ကြားတော်မူကုန်သည်၊ သောကမှ ထွက်မြောက်ရာ နိဗ္ဗာန်ပေါက် အကျင့်ပဋိပတ်တို့မှာ ဝိနည်း၌သာ ရှိသည်ဟု မဆိုရ သုတ္တန် အဘိဓမ္မာ တို့၌လည်း နိဗ္ဗာန်ပေါက်အကျင့်တို့ကို ထင်ရှားစွာ ပေါ်ပြလျက် ရှိခြင်းကြောင့် ဝိနည်းပိဋကတ် တော်

မြောက်၍ ဝိနည်းကို ကျင့်ကြံနေကြသူဖြစ်သည်။ ရဟန်းတပါးဝန် ငွေ ပွဲနိဒ္ဓါ ပြီးလျှင် မသိရ၊ ရဟန်းကိစ္စ ဆုံးကမ်းရောက်ပြီဟု မဆိုနိုင်သေး၊ မကောင်းမှု ကိလေသာ ကင်းစင်သည့် ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ရဟန်းကိစ္စ မပြီးသေးဟု ဆိုအပ်ပေသည်၊ ရဟန်းကိစ္စ အပြီးတိုင် ရောက်ဘို့ကား (အဝ ကင်းရောက် နိဗ္ဗာန်စခန်းသို့ပေါက်ဘို့ကား) အလွန့်အလွန် အခဲခဲကြီးလှ၏၊ နိဗ္ဗာန်ပေါက် စခန်းအတွက် ဆိုပြန်လျှင် ကမ္မဋ္ဌာန်းဘာဝနာလုပ်ငန်း အရေးကြီးပြန်၏၊ ဝိနည်းကျင့်ဝတ်ကျကျနန တည်စေကာ၊ ကမ္မဋ္ဌာန်းဘာဝနာကို လမ်းမှန်အတိုင်း တကာယ်တန်း အားထုတ်ပါမှကား ဈာန် အဘိညာဉ် မဂ်ဖိုလ် နိဗ္ဗာန်တို့ကို ရနိုင်သည် မရှိရ၊ မချနိုင်တို့ ပင်ရှိရာသည်၊ မဂ် ဖိုလ် နိဗ္ဗာန်စခန်းသို့ ရောက်ပါမှလည်း ရဟန်းကိစ္စ ပြီးသည်ဟု ဆိုအပ်သတည်း။

ဘုန်းကြီးနှင့်-ဝိနည်းကာဘ်

လောကမှ ထွက်ရင်ပေါက်ဘို့အတွက် ဝိနည်းမှတပါး သုတ္တန် အဘိဓမ္မာတို့ကိုလည်း မှန်မှန် အသေးကျကျ တတ် မြောက်ရန် လိုအပ်သေး၏၊ သုတ်-ဝိနည်း-အဘိဓမ္မာ သုံးပုံ ဝိနည်းပိဋကတ်၌ ရဟန်းတို့၏ ကိုယ်ကျင့်တရားဖြစ်သည့် သီလများနှင့် ဝတ်တရားများကို ဖော်ပြထား၏၊ အဘိဓမ္မာ ပိဋကတ်၌ ကုသိုလ်- အကုသိုလ်- ခန္ဓာ အာယတန- ဓါတ်-သစ္စာ-နာမ်ရုပ် (ပ) မဂ္ဂင်စသည့် ဓမ္မဒိပကဉ္စယ တရားများကို ဖော်ပြထား၏၊ သုတ္တန် ပိဋကတ်၌ ထိုထိုကျင့်ဝတ် ပဋိပတ်တို့၏ လိုက်နာ

ကျင့်ဆောင်ဘွယ်ရာ များကို ဖော်ပြထား၏ အကျဉ်းအားဖြင့်ဆိုသော် ဝိနည်း၌ ရဟန်းကျင့်ဝတ် မှန်သမျှ ပြည့်စုံစွာ ပါရှိ၏၊ အဘိဓမ္မာ၌ ပရမတ္ထအချုပ် နာမ် ရုပ်တို့ကို အနုမြူသားကာ ကမ္မဋ္ဌာန်းအား ခြေဝိပဿနာ ဖြစ်လောက်အောင် အခန်းအနားများ ပြည့်စုံစွာပါရှိ၏၊ သုတ္တန်တို့၌ကား အဘိဓမ္မာ လုပ်ငန်း ဟူသမျှကို လုပ်ငန်း အတာချကာ အနိစ္စ စခန်းရောက် ကမ္မဋ္ဌာန်း ပေါက်လောက်အောင် အခြေခံရောက်စွာ ဖော်ပြထား၏။ ဆိုခဲ့ပြီး စကားအငြိအကျဉ်းမျှကို သိခြင်းအားဖြင့် သာသနာ့ ဝန်ထမ်း ရှင်ရဟန်း တို့၏ သာသနာ လုပ်ငန်း ကြီးသည့် (ယုံ:လျှင်သော်မှ မကုတ်အား လော အောင်) ရဟန်းကိစ္စ မပြီးမချင်း နေ့ညမအား တလစေ့ပ်ထည်းအားထုတ်နေကြ ရလောက်အောင်ပင် အလုပ်တာဝန် ကြီးလေးလှသည်ကို ပွင့်ပွင့်လင်းလင်း သိနိုင်ရာသတည်း။

ဝိနည်းပြစ် ခုနစ်မျိုး

ရဟန်းတော်များ၏ ကိုယ်ကျင့်တရား အကျဉ်း-၂၂၇-အကျယ်ကုဋေ-၉၀၀၀-ကျော်ဘို့ကို ရှေ့က အကြိမ်ကြိမ် ပြဆိုခဲ့ပြီ၊ ထိုမျှ ကျယ်ဝန်း များပြားလှသော ကိုယ်ကျင့်တရားတို့ကို အပြစ်သဘောတူရာ ခွဲဝေပါမှ-ခုနစ်မျိုးသာရ၏၊ ၎င်း ခုနစ်မျိုးတို့ကား-ပါရာဇိက-သံဃာဒိသိသ်-ထုလ္လစ္စဉ်း-ပါစိတ် ပါဋိဒေသနီ-ဒုက္ကဋ်-ဒုဗ္ဘာသိတို့ပင် ဖြစ်ကုန်သည်၊ ကိုယ်ကျင့် တရား ချုပ်ပျွင်းမှုအပြစ်(အာပတ်)ခုနစ်မျိုးဟူလည်း ဆိုအပ် သည်၊ ပါရာဇိကမှစ၍ အဆင့်ဆင့် အပြစ်ကြီးလေး၏၊ ပါရာ

ဇိကမှတပါး အခြားခြောက်မျိုးသော ဖြစ်မှုတို့ကို ငြိမ်းငြေ ပပျောက်စေနိုင်သော ဝိနည်းကံ(ဒေသနာကံ-ဝုဋ္ဌာနကံ) များ ရှိ၏၊သို့ပင် ရှိစေကာမူ-ဖြစ်မှုလွန်ကျူးသူ ရဟန်းတပါးသည် ဖြစ်မှု ကျူးလွန်မိသည်၌ တကဲ့နောင်တ တကဲ့သံဝေဂမျိုး ဖြစ်ခါ နောင်ကို ထိုဖြစ်မှုမျိုးသို့ မကျရောက်ရစေအောင် တကယ် စောင့်စည်းတော့မည့်စိတ်နှင့် ကုစားပါမှလဲ ပပျောက်ငြိမ်းရေသည်၊ထိုသို့သော နောင်တ သတိရ စိတ်ထားမျိုး[illegible]း မရှိ၊ရိုးရာအတိုင်း ထင်ခါတလဲလဲ-အကြိမ်များစွာ ကျ[illegible]နေသော်လဲ ဘယ်နည်းနှင့်မျှ ပပျောက်ခြင်း-ငြိမ်းခြင်း[illegible]ပြီ၊ဖွတ် သတက် ညစ် ဆိုသလို ထပ်ခါထပ်ခါ အဖြစ်[illegible]အဆာသော်ချင် များပြားသာဘော့သည်၊ပါရာဇိက ဖြစ်[illegible]မှုမှာကား လူဝတ်လဲရခြင်းမှတပါး ဝိနည်းကံဖြင့် ကုစား၍ မရတော့ပြီ၊သာသနာဘောင်မှ ဆုံးရှုံးသူ-သာသနာတော်မှ ဖုံးဖုံးလဲကျသူဟု ဆိုအပ်တော့သတည်း။

ဝိနည်း-အသေးအဖွဲ့များ

ဆိုခဲ့ပြီး ဝိနည်း ခုနစ်မျိုး(ကျင့်ဝတ် ခုနစ်မျိုး)တွင် (ပါရာဇိကမှတပါး)သံဃာဒိသိသ်မှစ၍ နောက်နောက် အဆင့်ဆင့်သော ကျင့်ဝတ် သိက္ခာပုဒ်များကား ခုဒ္ဒါနု-ခုဒ္ဒကခေါ် ဝိနည်း အသေးအဖွဲ့များ ဖြစ်သည်ဟု သိရှိရပေသည်၊ ထိုသည့် ဝိနည်း အသေးအဖွဲ့ (အဖြစ်အသေးအဖွဲ့)တို့ကို စေတနာနှင့် လွန်ကျူးဖန် များခဲ့သော်(ဝိနည်းကံဖြင့် ကုစား၍ မငြိမ်းအေးနိုင်တော့သည့်ဖြင်)တဆင့်ထက် တဆင့်ကြီးသော ဝိနည်းဖြစ်တို့ကို လွန်ကျူးရန်ခဲခက်ဘွယ် မရှိရာပြီ၊ အလွန် သေးငယ်သော

(အနည်းမြူမျှသောက်ရှိသော) အဖြစ်အသေး ကိုပင် အလွန်ကြီးကျယ်သော အဖြစ်ကြီး ကျရောက်လာသည့်ပမာ တကယ်ကြောက်ရွံ့သည့် စိတ်ထားနှင့် ရှုစားရာသည်၊ ကုစား ပပျောက်စေရာသည်၊ အသက် အန္တရာယ် ဖြစ်လောက်တဲ့ အကြောင်း ပေါ်ပေါက်လာစေကာမူ မိမိ၏ ကျင့်ဝတ်ကိုကား ချိုးဖျက်ခြင်း မပြုရ၊ သီလစင်ကြယ် သန့်ရှင်းရေးကိုသာ ဂရုစိုက်ရာသည်ဟု-ဘုရားရှင် မိန့်မှာချက် ရှိချေသည်၊

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလ သံဝရာ၊ ။(ဝိသုဒ္ဓိမဂ်)

ဆိုသို့ရင်းကား-သီလ စင်ကြယ် သန့်ရှင်းရေးကို အသိရှိသော ရဟန်းသည် အသက်ကို စွန့်လွှတ်သော်သာ စွန့်လွှတ်ရာ၏၊ ဘုရားရှင် ပညတ်ချက် သိက္ခာပုဒ်ကိုကား မချိုးဖျက်ရဟူ၏၊အချို့ကား-နောက်ဆုံးဖြစ် ပါရာဇိကသို့ မရောက်လျှင် ပြီးတာဘဲဟု သဘောပိုက်ကြတာ-သူတပါး မသိအောင် လျှိုဝှက်၍ဖြစ်စေ- ဘယ်သူ မြင်မြင်-ဘယ်သူ သိသိ-ဂရုမစိုက် ငါထင်တာ ငါလုပ်မည်ဟု သဘောပိုက်ကာ-မျက်နှာပြောင်တိုက်၍ဖြစ်စေ-သိက္ခာပုဒ် အမျိုးမျိုးတို့ကို ကျူးလွန် ကျော်နင်းမှုများ ရှိကြပေမည်၊ နောက်ဆုံး ပါရာဇိကဖြစ်သို့ ကျရောက်သော်လည်း ကျရောက်မှန်း မသိသူများလဲ ရှိကြပေမည်၊

ရဟန်းခင် မရှိ၊ လူခင်လဲ မရှိ

ဝိနည်းဖြစ်မှု-၇-မျိုးတွင် ပါရာဇိက အပြစ်ကား အပြစ်ကြီးလေးဆုံး ဖြစ်သည်ကို သိရှိကြရပေပြီ၊ ပါရာဇိက အပြစ်ကား-အိမ်၌ သည်တိုင် (ဦးယူတိုင် နှင့် တူ၏၊ သံဃာဒိသိသ် ဖြစ်မှုစသည်ကား ထုတ် လျှောက် ရိုင်း များ အမိုး အကာ စသည်နှင့် တူ၏၊ အမိုး အကာ စသည် ပျက်စီး ချွတ်ယွင်း လျက်ရှိသဖြင့် သည်တိုင်မျှ ကျန်ရှိသော အိမ်သည် မိုးဒီးနေထိုင် ရန်စသည် တစုံတရာ အကျိုးမရှိတော့သလို ရဟန်းတပါး၏ သန္တာန်၌ သည်တိုင်ပမာ ပါရာဇိကသာ ကျန်ရှိလျက် သံဃာဒိသိသ်စသည်များ ပျက်စီးချွတ်ယွင်းလျှက် ရှိမှုကား ဘုန်းကြီး ပေါင်းရေးအတွက် အကျိုးဖြစ်ထွန်းဘွယ်ရာ မရှိတော့ပြီ။ ဖြင့်သည်တိုင်မျှသာရှိသော အိမ်သည် အိမ်၏အဖြစ်၌ အသုံးမဝင်တော့သလို ပါရာဇိကမှတပါး အခြားချွတ်ယွင်းဘွယ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရဟန်းအား ရဟန်း၏အနေအားဖြင့် အကျိုးဖြစ်ထွန်းဘွယ်ရာ မရှိနိုင်တော့ပြီ၊ အပြစ်တို့၏ကင်းဆုံးသို့ မချရောက်ရန်လည်း ခဲခက်ဘွယ်ရာ မရှိတော့ပြီ၊ သေးငယ်သော ဖြစ်မှုများကို စေတနာနှင့် ကျူးလွန်ဖြစ်များ သည်ပင် နတ်ရွာ မဂ် ဖိုလ်လမ်းကို တားဆီးကာ သံသရာ၌ အရှည် နစ်မွန်းဘွယ်များလှချေသည်၊ ကြီးလေးသော သိက္ခာ သီလ များကို လွန်ကျူးမိရာ၌ အပြစ်များကား နှိုင်းဆဘွယ် ရာပင် မရှိနိုင်ပြီ၊

မဲပေး မဲယူမှု အတွက် ဘာ အပြစ်ရှိသလဲ

မဲ-မဲ၏တန်ဘိုးနှင့်တကွ မဲပေးမဲယူမှု ကိစ္စများသည် လောက ရေး နိုင်ငံရေးများ ဖြစ်ပုံကို ရှေးက အသင့်အတန် ဆိုခဲ့ပြီ၊

ဘုန်းကြီးက လူကို မဲပေးခြင်း-ဘုန်းကြီး ချင်းချင်း မဲပေးခြင်း-လူပေးသော မဲကို ဘုန်းကြီးက လက်ခံခြင်းနှင့် မိမိကိုယ်တိုင်အတွက် မဲရရှိရန် ဆောင်ရွက်ခြင်းတို့မှာ (ဝိနည်းဖြစ် ရှိသလော) အကယ်၍ ဝိနည်းဖြစ် ရှိခဲ့ပါသော် (ဘယ်ဝိနည်းဖြစ် ရှိသနည်း)ဟူသော ပြဿနာများ ပေါ်ထွက်လျက် ရှိချေသည်။ ၎င်းပြဿနာ၏ အဖြေတို့ကား အောက်ပါအတိုင်း ပင် ဖြစ်ပေသည်။

မဲပေး မဲယူကိစ္စ ဝိနည်းဖြစ် ရှိပုံ။

အဘိဓမ္မာတရား၏ ကျယ်ဝန်း နက်နဲခြင်း ရှိသလို ဝိနယ ဒေသနာတော်မှာလည်း လွန်စွာပင် ကျယ်ဝန်း နက်နဲပေသည် ရှိ၏၊ ကျယ်ဝန်း နက်နဲသည့်အလျောက် မနေတတ်-မထိုင် တတ်ပါက ဆူးခြုံတွင်း၌ ဘူးသီးပမာ နေထိုင်ရေး ကျဉ်း မြောင်းလှသည့်ဖြင့် အပြစ်လဲကြီး-အပြစ်လဲ များလှပေသည်

ဘုန်းကြီး ရဟန်းများ
တိရစ္ဆာန် အတတ် မသင်ရ။
တိရစ္ဆာန်ကျင့်-မကျင့်ရ။

တိရစ္ဆာန ဝိဇ္ဇာခေါ်-တိရစ္ဆာန်အတတ်ဟူသည် မဂ် ဖိုလ် နိဗ္ဗာန်လမ်းနှင့် ဖီလာ ကန့်လန့်-နတ်ရွာ သုဂတိလမ်းနှင့်လည်း ဝေးပြသွယ်သော မင်းရေး စိုးရေး-လူမှုရေး-နိုင်ငံရေး သက်သက် သာဖြစ်သော ရာဇကထာစသော အတတ်-၃၂-မျိုးတို့ ပင်ဖြစ်သည်၊ ၎င်း-၃၂-မျိုးတို့ကို ရဟန်းတော်များ လိုက်နာ ပြုလုပ်ရန်တို့ ကို မဆိုထားဘဲ-ထိုလုပ်ငန်းကို ပေါ်ပြသည့် ရာဇကထာစသော အတတ်တို့ကို သင်ယူနိုင်ခွင့်သော်ပင် မရှိပေ၊

ထိုအတတ်မျိုးကို သင်ယူလျှင် တိရစ္ဆာန် အတတ်ကို သင်ယူရာရောက်၍-လေ့လာ လိုက်စား ပြုကျင့် ဆောင်ရွက်လျှင်ကား (ဘုန်းကြီးများဆိုင်ရာ အလုပ်နှင့် မဆိုင်သောကြောင့်) တိရစ္ဆာန်ကျင့်-ကျင့်သည်ဟု ဆိုရလေသည်။

ထိုအကြောင်းကို ရည်၍ ဘုရားရှင်က

န ဘိက္ခဝေ တိရစ္ဆာန ဝိဇ္ဇါ ပရိယာပုဏိတဗ္ဗ၊
အာပတ္တိ ဒုက္ကဋဿ။........ဝါစေယျ၊ အာပတ္တိ
ဒုက္ကဋဿ။ ။(စူဠဝါ ပါဠိတော်)

...ဟာန်းတော်များ(မဂ် ဖိုလ် နိဗ္ဗာန်လမ်းနှင့် မဆိုင်သော) ...တိရစ္ဆာန် အတတ်ကို မသင်စကောင်း၊ မပို့ချကောင်း၊ ပို့ချ...ပြောင်ကြားခဲ့သော် ဒုက္ကဋ်အာပတ် သင့်သည် ဟု ဆိုမိန့်ရင်း ရှိသတည်း။

ဘုန်းကြီးနှင့်-မှားသော အသက်မွေးမှု။

ဘုန်းကြီး ရဟန်းများ ဝိနည်းတော်နှင့် မလျော်သော နည်းလမ်းဖြင့် အသက်မွေးမှု ပြုလုပ်ခဲ့သော် (မိစ္ဆာဇီဝခေါ်) မှားသော အသက်မွေးမှု-ဝိနည်းတော်အားဖြင့် အပြစ်ရှိသော အသက်မွေးမှုဟု ဆိုအပ်၏၊ ဝိနည်းပြစ်ရှိသော အသက်မွေးမှုဟူသည် (ကုလဒူသက-အနေသန-၂၁-မျိုးတို့ဖြင့် ရအပ်သော) ပစ္စည်း-၄-ပါးတို့ကို သုံးဆောင်မှုပင်တည်း။ လတ်တလော ပေါများရေး-ဘုန်းတန်ခိုးကြီးမြင့်ရေးတို့နှင့်တကွ လူမှုရေး လောကရေး-နိုင်ငံရေး လိုက်စားခြင်းဟူသမျှတို့ကား ကုလဒူသက အနေသန ၂၁ ပါးတို့၌ ဆိုင်ရာဆိုင်ရာပါဝင်လျက် ရှိကုန်သည်

(၎င်း-၂၁-ပါး တို့ကို အကျဉ်း အားဖြင့် အောက်၌ ဖော်ပြထားပါသည်)

ဝိနည်းတော်လာ အနေသန-၂၁-

၁။ ပုပ္ဖဒါန်-ပန်းပွင့်ပေးခြင်း၊
၂။ ဖလဒါန်-သစ်သီးပေးခြင်း။
၃။ စုဏ္ဏဒါန်-ရေချိုး ကသယ်မှုန့် နံ့သာမှုန့်ပေးခြင်း၊
၄။ မတ္တိကာ-မြေဖြူ မြေနီ ပေးခြင်း၊
၅။ ဒန္တကဋ္ဌဒါန်-ချက်သစ်ဒန်ပူပေးခြင်း၊
၆။ ဝေဠုဒါန်-ဝါးပေးခြင်း၊
၇။ ပဏ္ဏဒါန်-သစ်ရွက်ပေးခြင်း၊
၈။ ဇင်္ဃ-သ လုံးခြင်းခေါ်-ခြေပုဘိုးရောင်း၍ ဒါယကာတို့ ကိစ္စကြီး ငယ်ကို သည်ပိုး ဆောင်ရွက်ခြင်း။ ဗူတိ ဉာတိ၊ ဒူသန်-ဒူသနကိ၊ အဌဝိဓံ-ရှစ်ပါးအပြား ရှိ၏ဟူ၍၊ မတံ-သိအပ် ၏။
၉။ နှာန မုခေါဒကံ- ချိုးရေပေးခြင်း၊ မျက်နှာသစ်ရေ ပေးခြင်း၊
၁၀။ ဒူတံ-တမြို့ တရွာ-သူစေရာသို့ သွားကာ၊ ဆောင်ရွက်သဖြင့် တမန်အမှု ပြုလုပ်ခြင်း။
၁၁။ ပဟိဏံ-သယ်တော်ဥသျှောင် အစရှိသော အနီးအရပ် တို့၌ ဒါယကာတို့ စေခိုင်းရာ ကိစ္စကြီးငယ် ဆောင် ရွက် ပြုလုပ်ခြင်း၊
၁၂။ ပိဏ္ဍပိဏ္ဍဒါန်-ဆွမ်းဘုံ့ ပေးခြင်း။
၁၃။ အနုပဒါနံ-သက်ဆောင်ပေးခြင်း၊

ထိုအတတ်မျိုးကို သင်ယူလျှင် တိရစ္ဆာန် အတတ်ကို သင်ယူရာရောက်၍-လေ့လာ လိုက်စား ပြုကျင့် ဆောင်ရွက်လျှင်ကား (ဘုန်းကြီးများဆိုင်ရာ အလုပ်နှင့် မဆိုင်သောကြောင့်) တိရစ္ဆာန်ကျင့်-ကျင့်သည်ဟု ဆိုရလေသည်။

ထိုအကြောင်းကို ရည်၍ ဘုရားရှင်က

န ဘိက္ခဝေ တိရစ္ဆာန ဝိဇ္ဇါ ပရိယာပုဏိတဗ္ဗံ၊
အာပတ္တိ ဒုက္ကဋဿ။........ဝါစေယျ၊ အာပတ္တိ
ဒုက္ကဋဿ။ ။(စူလဝါ ပါဠိတော်)

ရဟန်းတော်များ(မဂ် ဖိုလ် နိဗ္ဗာန်လမ်းနှင့် မဆိုင်သော) တိရစ္ဆာန် အတတ်ကို မသင်စကောင်း၊ မပို့ချကောင်း၊ ပို့ချသင်ကြားခဲ့သော် ဒုက္ကဋ်အာပတ် သင့်သည် ဟု ဆိုမိန့်ရင်း ရှိသတည်း။

ဘုန်းကြီးနှင့်-မှားသော အသက်မွေးမှု။

ဘုန်းကြီး ရဟန်းများ ဝိနည်းတော်နှင့် မလျော်သော နည်းလမ်းဖြင့် အသက်မွေးမှု ပြုလုပ်ခဲ့သော် (မိစ္ဆာဇီဝခေါ်) မှားသော အသက်မွေးမှု-ဝိနည်းတော်အားဖြင့် အပြစ်ရှိသော အသက်မွေးမှုဟု ဆိုအပ်၏၊ ဝိနည်းပြစ်ရှိသော အသက်မွေးမှုဟူသည် (ကုလဒူသက-အနေသန-၂၁-မျိုးတို့ဖြင့် ရအပ်သော) ပစ္စည်း-၄-ပါးတို့ကို သုံးဆောင်မှုပင်တည်း။ လတ်လာသာ ပေါများရေး-ဘုန်းတန်ခိုးကြီးမြင့်ရေးတို့နှင့်တကွ လူမှုရေး လောကရေး-နိုင်ငံရေး လိုက်စားခြင်းဟူသမျှတို့ကား ကုလဒူသက အနေသန ၂၁ ပါးတို့၌ ဆိုင်ရာဆိုင်ရာပါဝင်လျက် ရှိကုန်သည်

(၎င်း-၂၁-ပါး တို့ကို အကျဉ်း အားဖြင့် အောက်၌ ဖေါ်ပြသွားပါသည်)

ဝိနည်းတော်လာ အနေသန-၂၁-

၁။ ပုပ္ဖဒါန်-ပန်းပွင့်ပေးခြင်း။
၂။ ဖလဒါန်-သစ်သီးပေးခြင်း။
၃။ စုဏ္ဏဒါန်-ရေချိုး ကာသယ်မှုန့် နံ့သာမှုန့်ပေးခြင်း။
၄။ မတ္တိကာ-မြေဖြူ မြေနီ ပေးခြင်း။
၅။ ဒန္တကဋ္ဌဒါန်-ဖျက်သစ်ဒန်ပူပေးခြင်း။
၆။ ဝေဠုဒါန်-ဝါးပေးခြင်း။
၇။ ပဏ္ဏဒါန်-သစ်ရွက်ပေးခြင်း။
၈။ ဇင်္ဃ-သ လုံးမြင်းခေါင်း- ခြေပူကိုရောင်း၍ ဒါယကာတို့ ကိစ္စကြီး ငယ်ကို သည်ပိုး ဆောင်ရွက်ခြင်း။ ဣတိ ဤသို့၊ ဒူသန်-ဒူသနကို၊ အဋ္ဌဝိဓံ-ရှစ်ပါးအပြား ရှိ၏ဟူ၍၊ ဉာတံ-သိအပ် ၏။
၉။ နှာန မုခေါဒကံ- ချိုးရေပေးခြင်း၊ မျက်နှာသစ်ရေ ပေးခြင်း။
၁၀။ ဒူတံ-တမန်၍ ဘျှာ-သူစေရာသို့ သွားကာ၊ ဆောင်ရွက်သဖြင့် တမန်အမှု ပြုလုပ်ခြင်း။
၁၁။ ပဟိဏံ-သယ်တော်ဥသျှောင် အစရှိသော အနီးအရပ်တို့၌ ဒါယကာတို့ စေခိုင်းရာ ကိစ္စကြီးငယ် ဆောင်ရွက် ပြုလုပ်ခြင်း။
၁၂။ ပဏ်ပိဏ္ဍဒါန်-ဆွမ်းဘုံ့ ပေးခြင်း။
၁၃။ အနုပဒါနံ-သတင်းဆောင်ပေးခြင်း။

၁၄။ ဝဇ္ဇ-ခေါးကျခြင်း။

၁၅။ စာတုကမျတာ-ဋိမိကိုယ်ကို ဒါယကာတို့အောက် နှိပ်ချ၍ အရိုအသေ ပြောဆို ပြုကျင့်ခြင်း။

၁၆။ မုဂ္ဂသုပျတာ- အကြေနည်းပါး မကြေ များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး မမှန်များလျက် တရားခင် မျက်နှာငဲ့၍ ဒါယကာတို့ အကြိုက်သို့ လိုက်၍ ပြောခြင်း။

၁၇။ ပါရိဘဋျကတာ-ဒါယကာတို့ သားငယ်ကို နို့ထိန်းကဲ့သို့ ချော့မော့ချီသာ ကောင်းစွာခေါင်း သုတ် သင် ညစ်ကြေး ထိန်းပိုက်မွေးခြင်း။

ဝတ္ထု-အိဒ်ယာ မြေခံ အတတ်ဟောပြောခြင်း-ဝတ္ထုဝိဇ္ဇာ အတတ်။

၁၉။ နက္ခတ္တ- နေ-လ နက္ခတ် သွားလာခြင်းနှင့် စပ်သော နက္ခတ်ကျမ်းကို ဟောပြောခြင်း- နက္ခတ္တ ဝိဇ္ဇာ အတတ်။

၂၀။ အင်္ဂကာ- ဗေဒင် မန္တန် သင်အံ တွတ်တူဘ် ချရွတ် ဟောပြောခြင်းစသော အင်္ဂဝိဇ္ဇာ အတတ်ဖြင့် လာဘ်ကို ရှာမှီးခြင်း။

အဋ္ဌဝိဓေန-ရှစ်ပါးအပြားရှိသော၊ ပုပ္ဖဒါနာ- ပန်းပေးခြင်း အစရှိသည်နှင့်၊ သဟ-တကွ၊ ဧကဝီသတိ ၂၁ ပါး အပြားရှိသော အမှု အကျင့်သည်၊ အနေသနာ- မအပ်မရာ ရှာမှီးသုံးဆောင်ခြင်းဟု ဆိုအပ်သော မိစ္ဆာဇီဝ အနေသန မည်၏။

ယခုအခါ ရဟန်းတော်များ အတို့ ၎င်း-၂၁-ပါးကို လွန်ကျူးဖြစ်ကြောင့်ဖြစ်သော အပြစ်တို့မှာ အလွန်လျှင် များပြား

လှချေသည်၊ ဟောန်းပိပိ အလွန်အလွန် သတိထား ရှောင်ကြဉ်ကြပါမှ လွတ်မြောက်ဘို့ ရှိရာသည်၊ အဆိုပါ-၂၁-ပါးကို လွန်ကျူးမှုကြောင့်ဖြစ်သော အပြစ်များတွင် အမြွက်မျှသောက်ကိုသာ အောက်၌ဖော်ပြထားပါသည်။

ပန်းပွင့်ဖြင့် လာဘ်ပေါများစေမှု

လူ ဒါယကာတို့အား ပန်းပွင့်စသည်ပေးရာ၌ အပွင့်အရေအတွက် ရှိသလောက် ဒုက္ကဋ် အာပတ် သင့်၏။

တဿ ယော ပန ရိတ္တ၊လ၊ယံကိဉ္စိ အဏ္ဏသော သန္တကံ ပုပ္ဖံ ကုလသင်္ဂဟတ္ထာယ ဒေတိ ဒုက္ကဋံ၊ ပရသန္တကံ ဒေတိ ဒုက္ကဋမေဝ၊ ထေယျစိတ္တေန ဒေတိ၊ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော

(ပါရာဇိကဏ် အဋ္ဌကထာ)

မိမိထံရောက်လာသည့် တကာ တကာမ စသည်တို့ကို ငြီးမြောက်ရန်အလို့ငှာ မိမိ၏ပန်းပွင့်ကိုဖြစ်စေ သူတပါးပန်းပွင့်ကိုဖြစ်စေ ပေးငြားအံ့၊ (ပန်းပွင့်အရေအတွက်ရှိသလောက်) ဒုက္ကဋ် အာပတ် သင့်၏-ဟု ဆိုလိုသတည်း။

လူမှုရေး လိုက်စားမှု

လူမှုရေး နိုင်ငံရေးကိစ္စဖြစ်သည် လူတကာတို့ ခေါ်ခိုင်းတိုင်း လုပ်မှု-သွားလာမှု-ထိုထိုကိစ္စ ရွက်ဆောင်မှု ပြုရာ၌ ဒုက္ကဋ် အာပတ် သင့်၏ လူ့ ဝေယျာဝစ္စ ရွက်ဆောင်မှုအတွက် ရသော ဘောဇဉ်ကို သုံးဆောင်ရာ၌လည်း ဒုက္ကဋ်အာပတ်သင့်၏။

ဂိဟီနံ ဒိန္နံ သာသနံ ဂဟေတွာ ဂစ္ဆန္တဿ ပဒေ ပဒေ ဒုက္ကဋံ၊ တံ နိဿာယ ဘောဇနံ ဘုဉ္ဇန္တဿပိ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ဒုက္ကဋံ၊ (ပါရာဇိကဏ် အဋ္ဌကထာ)။

လူမှုရေး ရှက်ဆောင်ရာ၌ ခြေလှမ်းတိုင်း-ခြေလှမ်းတိုင်း ဒုက္ခအာပတ်သင့်၏၊ လူ့ကိစ္စ ရှက်ဆောင်မှုကြောင့် ရသော ဆွမ်းဘောဇဉ်ကို စားရာ၌ ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း ဒုက္ကဋ်အာပတ် သင့်၏-ဟု ဆိုလိုသတည်း၊

ဤကား ဆိုခဲ့ပြီးသည့်အတိုင်း အပြစ် အမြွက်မျှကိုသာ ဖော်ပြကာမျှ ဖြစ်သတည်း၊ အပြစ်ရှိသလောက် ထုတ်ဖော်ရမှုကား ဝိနည်း ကျမ်းဝန်းသလောက် ဆိုနိုင်ဘွယ်ရာပင် မရှိချေပြီ၊

ဝိနည်းပြစ် ရှိသည်ဟူသော အဖြေ။

[illegible] ထို့ကြောင့် လူမှုရေးခေါ် နိုင်ငံရေး၌ မဲပေး မဲယူမှုဖြင့် [illegible]နုံးကြီးများ ပါဝင်ရှက်ဆောင်ခဲ့သော် ဆိုခဲ့ပြီး ဝိနည်းပြစ် [illegible](ဒုက္ကဋ်အာပတ်-ထိုမှတပါး ပါစိတ် အာပတ်များ) သင့်သည် ဟုဆိုအပ်သတည်း။

အမြိုက်ကာစ ပြသောဒ် မီးလောင်

လူမှုရေးရာတွင် မူလ ပါဝင်ရှက်ဆောင်ရာ၌ ကျရောက်သော အပြစ်ကား လွန်စွာ မကြီးလှသေး၊ ထိုသို့ စတင်ရှက်ဆောင်ရာကစ၍ လူတို့နှင့် ပေါင်းသင်း ဆက်ဆံရေး ငွေရေး ကြေးရေး စားသောက် နေထိုင်ရေးတို့နှင့် စပ်သွယ်ကာ ဝိနည်းတော်နှင့်-ဆန့်ကျင်သော အပြစ်အမျိုးမျိုး မုချ ဖြစ်ပေါ်လာပေမည်၊ တစထက် တစ ကြီးလေးသော အပြစ်များသို့ မရောက်နိုင်ပါဟု ဘယ်သူ တဦး တယောက်မှလဲ ငြင်းဆို နိုင်ဘွယ် မမြင်၊ ရဟန်းတော် များနှင့် ငွေကြေးရေး အတွက် ပညတ်ချက် ဝိနည်း ဥပဒေများမှာ ဘယ်မျှ ထိခိုက်မွှေ့

နှုးညံ့သည်ကို စာပေ ကျကျနန တတ်သည့် ဘုန်းကြီးများ ကိုရှိပါသည်၊ပါရာဇိကာ သိက္ခာပုဒ်များတွင် ပထမ သိက္ခာပုဒ် အတွက်သာ အမြောများ အပြစ်များ အဖြစ်များသသို သိရှ နားသည့် ပြောဆို နေကြသော်လည်း ကျကျနန စဉ်းစားလျှင် ပါရာဇိက ဒုတိယ သိက္ခာပုဒ် (အဒိန္နာဒါန် သိက္ခာပုဒ်) အကြောင်း သေသေချာချာ သိလျှင်-ဒုတိယ သိက္ခာပုဒ်နှင့် ကြီးလေးသောအပြစ် ရရှိခြင်း များသည်ကို မုချ သိရှိနိုင်ဘွယ်ပင်ဖြစ်သည်၊အဒိန္နာဒါန် သိက္ခာပုဒ်အတွက် တခါတခါတွင် အခြားလူသိတို့ မသိထားဘဲ ကိုယ့်ကိုယ်တိုင် မသိဘဲနှင့်-အပြစ်ရှိခြင်းများ ဖြစ်ပေါ်နိုင်၏၊ ထိုတို့ကို ဘောက်ဆပြခဲ့ [illegible] အမြိုက်ကာစ၍ ပြသောဒ် မီးလောင်မဲ့ ဘေးကလဲ က[illegible] ရှိသတည်း၊

အင်္ဂုလိမာလ ပမ သုတ်သာ

(သွေးအနီသော ရဟန်း ခြောက်ဆယ် ဝတ္တု)

(အင်္ဂလိပ်တို့ရှိ အင္ဂုကထာမှ မြန်မာဘာသာ ပြန်ဆိုသည်)

ကျွန်ုပ်တို့ ဘုရားသည် အရှင်အာနန္ဒာ အမှူးရှိသော နောက်လိုက် နောက်ပါ သံဃာ မြောက်များစွာနှင့်-သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်က ကောသလတိုင်းသို့ ကြွချီတော်မူခဲ့လေသည်၊ လမ်းခုလပ်သို့ ရောက်တော်မူစဉ်ကာလ သစ်ခေါင်းထဲမှ ကြောက်မက်ဖွယ် မီးလျှံရဲရဲ တောက်ပြနေသော သစ်တုန်းကြီးကို မြင်တော်မူလေသည်၊ ထိုသစ်တုန်းကြီးကို အကြောင်းပြု ပမာထားကာ၊ အဂ္ဂိခန္ဓောပမ သုတ္တန်ကို ဟောတော်မူလိုရင်းဖြင့်-အနီးအနားရှိ သစ်ပင်ရင်း၌ ကောင်းမွန်စွာ

ထိုင်တော်မူပြီးနောက် အင်္ဂါရုနစ်ပါးဖြင့်-ဝန်ဆာဆင်တော်မူ
ပြီးလျှင် အဂ္ဂိက္ခန္ဓောပမ သုတ္တန်ကို ဟောတော်မူလေသည်။
(အဂ္ဂိက္ခန္ဓော ပမ သုတ္တန် ကိုကား ကျယ်မည်စိုး၍ ချန်လှပ်ထား
ခဲ့သည်)။

အဂ္ဂိက္ခန္ဓော ပမ သုတ်ကို ဟောတော် မူသည့် အခါ၌
ရဟန်းတို့သည် အလွန်ထိပ်လန့် သံဝေဂ ဖြစ်ကြကုန်သဖြင့်
ရဟန်းပေါင်းများစွာတို့တွင် ရဟန်း-၆၀ တို့ကား ခံတွင်းမှ
သွေးပူများ အန်ထွက် လာကြကုန်သည်၊ ထိုမှတပါး ရဟန်း
၆၀-တို့ကား ဒုက္ကရံ ဘော ဗုဒ္ဓသာသနေ ယာဝဇီဝံ
ပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရိတုန္တိ-အချင်းတို့ ဘုရား
ရှင်သာသနာတော်၌ သီလကို ဖြူစင်စွာ ကျင့်ကြံနေထိုင်ဘို့ အ
ဖြင့်ခဲကား ခဲခက်လေစွ (ဥပါသကာ ကျင့်ဝတ်ဖြင့် လောကမှ
ထွက်မြောက်အောင် ပြုကြကုန်အံ့)ဟု အချင်းချင်း ပြောဆိုကြ
ကာ-၁၀ ပါးတတွဲ-၂၀-တတွဲ အစုလိုက် အစုလိုက် လူဝတ်
လဲကြကုန်၏။

ထိုမှတပါး ရဟန်း-၆၀-တို့ကား ဘုရားရှင်၏ ဒေသနာ
တော်ဥာဏ်၌ အာရုံစူးစိုက်ကြကာ ဥာဏ်အဆင့်ဆင့် တက်ပြီး
လျှင် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ အဖြစ်သို့
ရောက် ကြလေ ကုန်သည်၊

ထိုဒေသနာတော် အဆုံး၌(၁)သွေးအန် ထွက်သော ရဟန်း
(၂)လူထွက်ကြသော ရဟန်း(၃) ရဟန္တာအဖြစ် ရောက်ကြ
သော ရဟန်း ၃-မျိုး ဖြစ်ပေါ်သွားလေသည်၊ ထိုသုံးမျိုးတွင်
သွေးအန်ထွက်သော ရဟန်း-၆၀-ကား၊နောက်ဆုံး ပါရာဇိ
ကဖြစ်မှ လွန်ကျူးသော ရဟန်းတို့ ဖြစ်ကုန်သည်၊လူဝတ်လဲ

ကြသော ရဟန်းခြောက်ဆယ် တို့ကား- ခုဒ္ဒါနု၊ ခုဒ္ဒကာ
ဝိနည်း အသေးအဖွဲများကို လွန်ကျူးကြသော ရဟန်းတို့
ဖြစ်ကုန်သည်၊ ရဟန္တာအဖြစ် ရောက်ကြသော ရဟန်း
ခြောက်ဆယ်တို့ကား အစဉ်သဖြင့် သီလသိက္ခာကို ဖြူစင်
အောင် စောင့်စည်းလာကြသော ရဟန်းတို့ ဖြစ်ကုန်သည်။

ရဟန်း-၃-မျိုးလုံး အကျိုးရှိသည်။

သွေးအန်သော ရဟန်း-လူထွက်သော ရဟန်း-ရဟန္တာ
ဖြစ်ကြသော ရဟန်း ၃ မျိုးတို့တွင် သွေးအန်သော ရဟန်း
တို့သည် အဂ္ဂိက္ခန္ဓောပမ သုတ်ကို မနာကြားရလျှင် ရဟန်း
အဖြစ်ကို မစွန့်နိုင်ဘဲ အကုသိုလ်တရား တနေ့ထက် များ၍
တိုးပွားကာ အပါယ်၌သာ ကြာရှည် နစ်မွန်းဘို့ ဖြစ်ချေသည်။

လူထွက်ကြသော ရဟန်းတို့ကား ၎င်းသုတ္တန်ကို မကြား
နာရမူကား အပြစ်အသေး အဖွဲ့ကစ၍ ပါရာဇိက သို့အထိ
အဆုံးသို့ ကျရောက်ကာ သေသည့်အခြားမဲ့၌ အပါယ်ဘုံသို့
သာလျှင် သက်ရောက်ကြကုန်လျက် အစဉ်သဖြင့် ကြီးစွာ
သော ဒုက္ခကို မချ ခံစား ကြရမည်။

သီလစင်ကြယ်သော ရဟန်းတို့ကား-ထိုသုတ်ကို ကြားနာ
ကြရခြင်းကြောင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်
ကြလေသည်။

ထို့ကြောင့် ထိုသုတ္တန်၏ တန်ခိုးကား ရဟန်း ၃ မျိုးလုံး
အတွက် အကျိုးရှိသည်ဟု ဆိုအပ်သတည်း၊

ဘုရားရှင် လက်ထက်တော်ကစ၍ ယခုခေတ်တိုင်အောင်
ဘုန်းကြီး ရဟန်းဘို့၏ အဆင့်အတန်းကို ခွဲဝေလျှင် အဆိုပါ

ရဟန်း ၃ မျိုးကဲ့သို့ပင် ရဟန်း ၃ မျိုးကို တွေ့ရှိနိုင်ရာသည်၊ အပြစ် ခုနစ်မျိုးတွင် အပြစ်ကြီး လွန်ကျူးသော ရဟန်း အပြစ်ငယ် အဆင့်ဆင့်လွန်ကျူးသောရဟန်း အပြစ်ငယ် လွန်ကျူးသော ရဟန်း-အပြစ်စင်ကြယ်သော ရဟန်းတို့ပင် ဖြစ်ကုန်ရာသည်၊

ဧရကပတ္တ နဂါးမင်းဝတ္ထု

(ရဟန်းတပါးသည် မပြောပလောက်သော ဝိနည်းပုဒ်ကို ဂရု မပိုက်မှုကြောင့် ကွယ်လွန်သည့် အခြားမဲ့၌ နဂါးဖြစ်ရပုံ ဓမ္မပဒ အဋ္ဌကထာမှ မြန်မာပြန်ဆိုချက်)၊

[illegible] ကျွန်ုပ်တို့ ဘုရားရှင်သည် ဗာရာဏသီပြည် အနီးအပါး [illegible]ပြင်ရ၌ အခိုက်အတန့် သီတင်းသုံး နေတော်မူစဉ် ဧရကပတ္တ နဂါးမင်းသည် ဘုရားရှင်ထံ ချဉ်းကပ် လာခဲ့သေသည်၊

ထိုနဂါးမင်းကား ကျွန်ုပ်တို့ဘုရား မပွင့်မီ ကဿပ ဘုရား လက်ထက်အခါက နှစ်ပေါင်းများစွာ ရဟန်းအဖြစ်နှင့် သာသနာတော်၌ နေထိုင်ခဲ့ဘူးသော သတ္တဝါတဦးပင် ဖြစ်လေသည်။

ထိုနဂါးမင်းသည် ကဿပ ဘုရားလက်ထက် ရဟန်းဘဝ နှင့် နေထိုင်စဉ်-တနေ့သောအခါ အကြောင်းကိစ္စ တခုနှင့်ဂင်္ဂါ မြစ် ရေကြောင်းလမ်းက လှေဖြင့် အရပ်တပါးသို့ ကြွတော်မူလေသည်၊ လှေသွားနေစဉ် လှေပေါ်က ပိန်းမြက်ပင် တပင်ကို ကိုင်ဆွဲထားရာတွင်-လှေအရှိန်နှင့် ၎င်းအပင် ပြတ်သွားလေ၏ ၎င်းပိန်းမြက်ပင်ကို ပြတ်အောင် ဆွဲမိသော အပြစ်သည်ကား မပြောပလောက်၊ အရေးတကြီး ဂရုမပိုက်လောက်ဟု သ

ဘောပိုက်ကာ အပြစ်-အာပတ်ကို ဒေသနာ မပြောကြားဘဲ နေလေ၏၊

သေခါနီး၌ ဒေသနာ

ထို ပိန်းမြက်ပင်ကို ဆွဲဖြတ်မိခြင်းကား အပြစ်ကြီးသည့်သည် မဟုတ်၊ ပါစိတ် ဒုက္ကဋ် မျှလောက် သေးငယ်သော အပြစ်ဖြစ်သော်လည်း ထိုပြစ်မှု ပပျောက်အောင် ဒေသနာကြားဖြင့် မပြု ခဲ့ခြင်းကြောင့် နှစ်ပေါင်းများစွာ တရား အားထုတ်ပါသော်လဲ တရားထူး မရ၊ သေခါနီး ကာလသို့ ရောက်လာသောအခါ (ထိုပိန်းမြက်ပင်သည် လည်ပင်း၌ ချိနှောင် ထားဘိသကဲ့သို့) ထင်မြင်လာသေ၏၊ ထိုအခါမှ ပိန်းမြက်ပင် ဆွဲဖြတ်မြင်သည် ပပျောက်အောင် ဒေသနာ ပြောကြားလိုသော်လည်း အနီး အနား၌ ရဟန်းတပါးမျှ မရှိသဖြင့် အပြစ်ကို ကုစားခွင့် မရ ခဲ့ပြီ၊

ငါ့- သီလ မစင် ကြယ်ခဲ့

ယင်းသို့ အပြစ်ကို ကုစားခွင့် မရခဲ့ခြင်း ကြောင့် သီလ မစင်ကြယ်သည်ကို အစွဲပြုကာ (အပရိသုဒ္ဓံ မေ သီလံ-ငါ၏ သီလသည် မစင်ကြယ်ခဲ့လေတကား) ဟု အောက်မေ့ကာ နှလုံး မသာယာသော စိတ်နှင့် ပျံတော်မူရှာလေသည်။

ရဟန်းဘဝက နဂါးဖြစ်လာခြင်း

ပျံလွန်တော်မူသည့် အခြားမဲ့၌ (ပိန်းမြက်ကို ဆွဲဖြတ် မိခြင်း- ၎င်းအပြစ်ကို ပပျောက်အောင် မကုစားမိခဲ့ခြင်းလျှင် အရင်းခံရှိသော သိဟ္ဘာသီလကို ကျူးလွန်ဖြစ်သည် ဆွဲငင်

အပ်သည်ဖြစ်၍) ဇေ့ကြီးလောက် ကြီးမားသော နဂါးမင်းကြီး အဖြစ်သို့ ရောက်ရှာလေသည်။

နဂါးမင်းက လျှောက်ထားချက်

နဂါးမင်းကြီးသည် ကျွန်ုပ်တို့ ဘုရားရှင်ထံမှောက် ရောက်ပြီးနောက် လျှောက်ထားသည်မှာ-

> အရှင်ဘုရား အကျွန်ုပ်သည် ကဿပ ဘုရားရှင်၏ တပည့် ဟောင်းတပါး ဖြစ်ခဲ့စဉ် နှစ်ပေါင်း များစွာပင် ရဟန်းတရား အားထုတ်ခဲ့ပါသည်၊ ခရီးသွားစဉ်တွင် ပိန်းမြက် တပင်ကို ဆွဲဖြတ်မိသော မပြောပလောက်တဲ့ အပြစ်ကို လွန်ကျူးမိခြင်းကြောင့် (ထိုပြစ်မှုကိုလည်း ပျောက်အောင် မကုစားမိတဲ့အတွက်) သေသည့် အခါမဲ့မှာ ယခုလို နဂါးသတ္တဝါမျိုး ဖြစ်ရပါသည်၊ နှစ်ပေါင်းများစွာ အားထုတ်ခဲ့သော ရဟန်းတရားများသည် သံသရာက ထွက်မြောက်ရေးကို မကယ်တင်သလို ဖြစ်ခဲ့ကြပါသည်၊ ယခု လူ၏အဖြစ်ကိုလဲ မရသေး၊ တရားလဲ မနာရ၊ ဘုရားရှင်များကိုလဲ မဖူးရ-စသည်ဖြင့် လျှောက်ထားလေသည်။

တိရစ္ဆာန်ဖြစ်၍ တရား မရနိုင်

ထိုအခါ ကျွန်ုပ်တို့ ဘုရားရှင်သည်,---------တိရစ္ဆာ မနုဿ ပဋိလာဘော -စသော ဒေသနာတော်ကို ဟောတော်မူလေသည်၊ ထိုဒေသနာအဆုံး၌ သတ္တဝါအပေါင်း အလွန်များစွာ တရားရကြသော်လည်း နဂါးမင်းကား တိရစ္ဆာန်

ဖြစ်သောကြောင့် တရားထူး မရ၊ နဂါးအဖြစ်နှင့်သာ နေရလေသတည်း။

ကာပိလ ရဟန်း ငါး

(ဝိနည်း တတ်မြောက်သော်လဲ ဝိနည်းကို မလိုက်နာသဖြင့် အဝီစိ ငရဲသို့ ကျရောက်ရပုံအကြောင်း၊ ဓမ္မပဒ အဋ္ဌကထာမှ မြန်မာဘာသာ ပြန်ဆိုချက်)။

သောဂတနှင့် ကပိလ

ကဿပ ဘုရားရှင်၏ သာသနာတော်တွင်း၌ပင် သောဂတ နှင့် ကပိလ အမည်ရှိသော ညီအစ်ကို ၂ ယောက်တို့သည် သာသနာတွင်းသို့ ဝင်ရောက်ကြကာ ရဟန်း ပြုလုပ်ကြကုန်သည်၊ မူလ ငယ်မည်ကို အစွဲပြုကာ သောဂတရဟန်း-ကပိလ ရဟန်း- ဟူသော အမည်ဖြင့် သာသနာတော်၌ ထင်ရှားကြကုန်သည်။

သာဓိနီနှင့် တာပနာ

၎င်းတို့၏ ဘခင်ကား ကွယ်လွန်လေပြီ၊ အမိ သာဓိနီနှင့် နှမငယ် တာပနာ တို့ကား ကျန်ရစ်ခဲ့၏၊ ၎င်း သားအငယ် ၂ ယောက်လည်း သားတော် နောင်တော်တို့ကဲ့သို့ သာသနာတော်တွင်းသို့ ဝင်ကာ ဘိက္ခုနီမ ပြုလုပ်နေထိုင်ကြကုန်သည်၊ သောဂတနှင့် ကပိလ ရဟန်း ၂ ပါးလုံးပင် ဆရာမြတ်တို့၏ ထံ၌ နည်းနာ နိဿယခံကာ ဝိနည်းကတ်တော်ကို အထူး ပေါက်ရောက်အောင် သင်ယူကြ၏။

ညီ နှင့် အစ်ကို သူတော်မျိုး ငါဘဒ္ဒ

နောင်တော် သာဂတေ ဂေါရက်ကား ဝိနည်း ပညတ်ချက်၌ အလွန်ဂရုစိုက် စောင့်ရှောက်၏၊ သေးငယ်သော အပြစ်ကိုပင် ကိုယ်၌ မငြိစွန်းစေခဲ့၊ ရဟန်းကိစ္စ အပြီးဘိုင်ရောက်ရန် ရှေးရှု ကာ ကမ္မဋ္ဌာန်းဘာဝနာ လုပ်ငန်းကိုလည်း ဝါသနာ ပါသည့် အလျောက် တောထွက်၍ အားထုတ်ရာတွင် (ရဟန်းကိစ္စ ပြီးဆုံးသည့်ဘဝ) ရဟန္တာ အဖြစ်သို့ ရောက်တော် မူလေသည်။

ဘမိုးအောက် တယောက်

ညီငယ် ကပိလ ရဟန်းကား ဝိနည်းတော်၌ တတ် မြောက်သည်ကို အစွဲပြုကာ ငါသာလျှင် ပညာရှိဟူသော မာန စွမ်းဖြင့် ဘယ်သူကိုမှ ဂရုစိုက်စရာ ငါမမြင်၊ ငါသင်တာ ငါလုပ်သောင်လဲ အမှား မရှိနိုင်ရာ၊ ရှိသမျှ ပညာရှိတွေဟာလဲ ငါ့အောက်ကသာ၊ ငါ့ကို လွန်ဆန်နိုင်ဝန့်သူ ရှိအံ့မထင် စသည် ဖြင့် အဝတ်တခြား-လူတခြား-အကျင့်တမျိုးဖြစ်ကာ ထင်သ လို စခမ်းသွားနေတော့၏၊ သူ့ဘက်က အသင်းအပင်းလဲ မနည်း၊ ဘုန်းတန်ခိုးလဲ အတော်ပင်ကြီး၏၊ မာနရောက်စရာ ကောင်းလောက်အောင်ပင် အဖက်ဖက်က ပြည့်စုံလှ၏။

သာသနာတော်ကို ပုန်ကန်ခြင်း

အသင်ကြီးခြင်း- စိတ်မြင့်မောက်ခြင်း- ထောင်လွှားခြင်း တရားတို့မှာ ကပိလရဟန်း၌ အမြဲ တင်းဝပ်လျက်ရှိရကား၊ ဘုရား ပညတ်ချက် ဥပဒေ၌ (အပ်သည်ကို-အပ်ရဟုရင်း၊ မအပ်သည်ကို အပ်သည်ဟုရင်း၊ အပြစ်ရှိသည်ကို အပြစ်မရှိ

ဟုရင်း၊အပြစ်မရှိသည်ကို အပြစ်ရှိသည်ဟုရင်း၊သုတ် ဝိနည်း အဘိဓမ္မာ မရှိဟုရင်း၊ရဟန်းတို့ ပါဘိမောက်ပြခြင်း- ဘိမ်ဝင် ခြင်း ဥပုသ်ပြုခြင်း-အကျိုးမရှိဟုရင်း၊ သာသနာဘော် မရှိဟု ရင်း)အမျိုးမျိုး ပြောဆို လုပ်ကိုင်ခြင်းဖြင့် သာသနာတော်မြတ် ကို များစွာ ဖျက်ဆီးလေ၏။

သား၏ ခြေရာခံ အမိ နှင့် နှမ

အမိ ရဟန်းမ သာဓိနနှင့် နှမ တာပနာ တို့ကလဲ ကပိလ ရဟန်း၏ ဘုန်းတန်ခိုးကို အမှီသပဲ့ ရကြကာ ဘယ်ဘုန်းကြီး ရဟန်းတို့ကိုသော်မျှ လူသူဟု မသင်ကြဘော့ဘဲ၊ ကပိလ ရဟန်း နည်းတူ ပြောဆို ကျင့်ကြံနေထိုင် ကြကုန်သည်၊ သူတို့ ရဲ့ အယူဝါဒ ပြန့်ပွါးရေးအတွက်လဲ အတော်ဘဲ ရွက်ဆောင် ကုန်သည်၊ရွက်ဆောင်ကြ သလောက်လဲ အသင်းပင်းတွေ အ တော်များကြ၏၊ မာန် မာနများဘို့ကား ကိုယ်နှင့် အပြည့်ပင် ဖြစ်နေကြ၏။

သားအမိ-၃ ယောက်နှင့်-အဝီစိငရဲ

ကပိလ ရဟန်းကား ရဟန်းဖြစ်သော်လဲ ရဟန်းကျင့် မကျင့်၊လူကျင့်-ကျင့်ကာ ဆိုခဲ့ပြီးသော သာသနာတော်ကို ပုန်ကန်မှု ဖြစ်ချက်တို့ကို ကျူးလွန်သူ တယောက်ဖြစ်၏၊ ၎င်း၏ အမိနှင့်-နှမတို့လဲ အလားတူ ဖြစ်မှုကျူးလွန် သူများ ဖြစ်၏၊ ထိုဖြစ်မှုကြောင့် ဖြစ်သော ကြီးလေးသော အကုသိုလ် တရားတို့က ဆွဲငင်ကြခြင်းကြောင့် သေကြသည့် အခြား၌ ၃ ယောက် စလုံး အဝီစိငရဲ၌ ကျရောက်ကြလေသည်။

ကပိလ ငါးကြီး

ကဿပ ဘုရားရှင် သာသနာတော် အချိန်ကာလ၌ ကျွန်ုပ်တို့ ဘုရားရှင် ပွင့်တော်မူသည်အထိ အလွန်ကာလကြာမြင့်စွာ အဝီစိ၌ ခံကြရ၏။ကပိလကား ရှေးကသိုလ် ကံကြွင်းကြောင့် အဝီစိက လွတ်မြောက်ကာ အစိရဝတီမြစ်၌(ကိုယ်က ရွှေအဆင်း ပါးစပ်က အလွန်အပုပ်နံ့ ရှိသော ငါး ဘဝသို့ ရောက်ရှိရပြန်သည်)မူလ အမည်ကို စွဲ၍ (ကပိလ ငါး)ဟု အမည်တွင်ပြန်သည်၊

(ငါးကို တံငါများက မင်း ထံ ဆက်သပုံ၊မင်းက ဘုရားထံပို့ပုံ၊ဘုရားရှင်နှင့် ငါး အမေး အဖြေ ပြောပုံတို့ကိုကား ကျယ်ဝန်းမည်စိုး၍ ချန်ထားခဲ့သည်။)

ခွေးအလုပ် မြင်းလုပ်သဖြင့် ဝါးရင်းဒုတ်နှင့် အရိုက်ခံရပုံ (သက်ဇာ စကားပုံ ဝတ္ထု)

အိမ် တအိမ်၌ ခွေးနှင့် မြင်းတို့ ရှိကြသတတ်၊ ခွေး၏တာဝန်ကား နေ့အခါ လူဝင် လူထွက်နှင့် ညအခါ ရန်သူ-ခိုးသူ အဝင် အထွက်ကို ကြည့်ကာ ဟိန်းဟောင် အသံ ပေးခြင်းစသည်ဖြင့် အိမ်ရှင်ကိုအသိပေးရန်-စွမ်းအားရှိသမျှ အိမ်မှုကိစ္စကို ကာကွယ် စောင့်ရှောက်ရန် ဖြစ်၏၊မြင်း၏တာဝန်ကား အရှင်နှင့်တကွ ဝန်ကို တနေရာက တနေရာသို့ သယ်ယူပို့ဆောင်ရေးပင် ဖြစ်၏၊တနေ့သောအခါ အိမ်၌ သူခိုး ကပ်လာ၏၊သူခိုးကို ခွေးကမမြင် မြင်းက မြင်လေ၏၊ခွေးကား အိပ်မောကျခိုက်ဖြစ်၍ သူ့တာဝန်ကို သူ မရွက် ဆောင်နိုင်ခဲ့၊ မြင်းက....'ခွေးဟာ ယခု သူခိုးကပ်နေတာကို သူ ဂရုမစိုက်

သူ့တာဝန်ကို သူ မလုပ်၊သူ မလုပ်လျှင် အိမ်ရှင် နစ်နာမည်၊ ငါကတဲ့ အိမ်ရှင်ကို အသိပေးမှတဲ့ ဟု) သဘောပိုက်ကာ မြင်းဇောင်းက နေ၍ ခွါသံ ပေးလေ၏၊ အိမ်ရှင်က မြင်း၏အစာကုန်နေသည် အထင်နှင့် ထကြည့်ရာ အစာခွက်မှာလဲ အစာ မလျော့သဖြင့် ပြန်အိပ်မြဲ အိပ်ပြန်၏၊သူခိုးကား မပြေးသေး၊ တဖန် မြင်းက ခွါသံ ပေးပြန်၏၊ မြင်းရှင်လဲ ထကြည့်ရာ အစာခွက်၌ အစာရှိသည် တွေ့သဖြင့် တဖန်ပြန်၍ပြီး အိပ်မြဲ အိပ်ပြန်၏၊သူခိုးကား မပြေးသေး သူခိုး ကပ်နေတာကိုလဲ အိမ်ရှင် မသိသေး၊ဒီတခါ သိအောင်ဆိုပြီး ပြင်းပြင်းထန်ထန် ခွါသံပေးပြန်၏၊အိမ်ရှင်ကား ဒီလောက် က-မြင်းကြော ထလှုတဲ့မြင်း ဟု ဆိုခါ ဝါးရင်းဒုတ်နှင့် မြင်း၏ နားရင်းပါးရင်းကို အချပ်တော့သတည်း၊

ဤ ဝတ္ထုသွား၌ မြင်းသည် အိမ်ရှင်၏အကျိုးကို သည်ပိုးရွက်ဆောင်သည် ဆိုသော်လည်း မိမိတာဝန် မိမိအလုပ်ကို ရွက်ဆောင်ခြင်း မဟုတ်သောကြောင့် (ကိုယ်နှင့် မဆိုင်တဲ့ အလုပ်ကို လုပ်မိခြင်းကြောင့်)ဝါးရင်းဒုတ်နှင့် အရိုက်ခံရခြင်း ဖြစ်သည်၊

(ဤပုံဝတ္ထုကား သက်ဇာ ဆရာတော် ပမ်ာဖြ ပုံဝတ္ထုများမှ ကောက်နုတ်ချက် ဖြစ်၏၊ တိရစ္ဆာန် ပုံပြင် ဖြစ်သော်လည်း အဓိပ္ပါယ် သဘောသွား မနိုင်းဖြင့်၊ ကျွန်ုပ်တို့ကလည်း အဓိပ္ပါယ် သဘောသွားကိုသာ ယူလိုရင်းဖြစ်၏၊ ဘုန်းကြီးနှင့် လူများ သာသနာရေးအတွက် သူ့နေရာနှင့် သူ-သူ့တာဝန်နှင့် ကိုယ့် တာဝန်ကို ဘုရားရှင်က ခွဲခြားကာ လုပ်ငန်းအတာချပေးထား၏၊ ဘုန်းကြီး အလုပ်ကား ဘယ်ဟာ၊ လူ့ တာဝန်

ကား ဘယ်သို့ စသည်ကိုကား မျက်နှာနံပါတ် (၁၁) ဘုန်းကြီး အလုပ်နှင့် လူ့အလုပ် အခန်းက ဘုရားရှင် အလိုတော်ကျ သဲသဲကွဲကွဲ ရေးခဲ့ပြီ)။

ပြဋ္ဌာန်းချက် ဝိနည်းဥပဒေများ အဆုံးအဆုံး၌
ဘုရားရှင် ကိုယ်တော်တိုင် ကဲ့ရဲ့
ရှုတ်ချသော မိန့်ခွန်းစကား။

အနနုစ္ဆဝိယံ မောဃပုရိသ အနနုလောမိကံ အပ္ပတိရူပံ အဿာမဏကံ အကပ္ပိယံ အကရဏီယံ။ ။(ပါရာဇိကဏ် ပါဠိတော်)။

မြန်မာပြန် အဓိပ္ပါယ်။ ။မဂ် ဖိုလ်မှ အချည်းနှီး ဖြစ်သော ရဟန်း- ဤအမှု ကိစ္စမျိုးသည် ရဟန်းတို့အား မလျော်-ရဟန်းတို့အား မလျောက်ပတ်- ရဟန်းတို့၏ဥစ္စာမဟုတ်- ရဟန်းတို့အား မအပ်-ရဟန်းတို့သည် မပြုသင့်-မပြုထိုက်- မပြုကောင်း။

ကထံ ဟိ နာမ တွံ မောဃပုရိသ ဧဝံ သွာက္ခာတေ ဓမ္မဝိနယေ ပဗ္ဗဇိတွာ နသက္ခိဿသိ၊ ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရိတုံ။ ။(ပါရာဇိကဏ် ပါဠိတော်)။

မြန်မာပြန် အဓိပ္ပါယ်။ ။မဂ် ဖိုလ်မှ အချည်းနှီးဖြစ်သော ရဟန်း- ကောင်းစွာ ဟောကြားတော်မူအပ်သော ဤသို့သော သုတ် ဝိနည်း အဘိဓမ္မာ ဟူသော သာသနာတော်၌ ရဟန်း ပြုပါလျက် (မဂ် ဖိုလ် နိဗ္ဗာန် အကျိုးငှါ)ဖြည့်စုံလုံလောက်ခြင်း စင်ကြယ် သန့်ရှင်းခြင်းရှိသော မြတ်သော အကျင့်ကို အသက် ထက်ဆုံး ကျင့်ဆောင်ရန် အဘယ့်ကြောင့် မစွမ်းနိုင်ဘဲ ရှိဘိသနည်း။

ရဟန်းကိစ္စ ပျက်စီးရေးနှင့် ကြီးပွားရေး

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။ ။(သတ္တက နိပါတ်-အင်္ဂုတ္တိုရ် ပါဠိတော်)။

အပညတ္တန္တိ အာဒီသု နဝံ အဓမ္မိကံ ကတိက ဝတ္တံ ဝါ သိက္ခာပဒံ ဝါ ဗန္ဓန္တာ အပညတ္တံ ပညပေန္တိ နာမ၊ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သာသနံ ဒီပေန္တာ ပညတ္တံ သမုစ္ဆိန္ဒန္တိ နာမ၊ ခုဒ္ဒါနုခုဒ္ဒကာ ပန အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကမန္တာ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ န ဝတ္တန္တိ နာမ၊ ယထာ အကရောန္တာ ပန အပညတ္တံ န ပညပေန္တိ၊ ပညတ္တံ န သမုစ္ဆိန္ဒန္တိ၊ ယထာ သိက္ခာ ပဒေသု ပညတ္တေသု သမာဒါယ ဝတ္တန္တိ နာမ။ ။(၎င်း အဋ္ဌကထာ)။

ပါဠိတော်စကားကို မြန်မာဘာသာ ပြန်ဆိုချက်။ ။ရဟန်းတို့သည် ဘုရားရှင် မပညတ် မပြဋ္ဌာန်းအပ်သည်ကို ပညတ်ချက် ပြုလုပ်ပြဋ္ဌာန်း ကြငြားအံ့၊ ပညတ် ပြဋ္ဌာန်းပြီးသော ဝိနည်းတော်များကို (လွန်ကျူး ကျော်နင်း မှုဖြင့်)မဖျက်ဆီး ကြကုန်ငြားအံ့၊ ပညတ် ပြဋ္ဌာန်းပြီး ဝိနည်း သိက္ခာပုဒ်တို့၌ (လွန်ကျူး ကျော်နင်းမှု မရှိရအောင်) ကောင်းစွာ ကျင့်သုံး နေထိုင်ကြကုန်ငြားအံ့၊ ရဟန်းတို့၏ ကိစ္စ၌ တိုးတက်ကြီးပွါးမှုသာ ဖြစ်ရာသည်၊ လျော့ပါး ဆုတ်ယုတ်မှုကား မဖြစ်နိုင်ရာ။

အဋ္ဌကထာစကားကို မြန်မာဘာသာ ပြန်ဆိုချက်။ ။ဘုရားရှင် ပညတ် ပြဋ္ဌာန်းချက်၌ကား မပါဝင်၊ (မိမိ သဘောကျ မိမိတို့ လိုရာ လိုရာ၊ အကြောင်းအရာများကို အစွဲပြုကာ) မသျှော် မပျောက်ပတ် အသစ် အသစ်ဖြစ်သော ပညတ်ချက်ကို ပြုလုပ် ပြဋ္ဌာန်းလျှင် (ဘုရားရှင်) ပညတ်သေးသည်ကို ပညတ် ပြဋ္ဌာန်းသည် မည်၏။

ဘုရားရှင် ပညတ် ပြဋ္ဌာန်းချက် ဝိနည်းလဲ မဟုတ်၊ မွေ ထမ်းကြောင်းလဲ မဟုတ်ဟု ပြောဆို ပြုမူကြကာ (ဘုရားရှင်၏) ပြဋ္ဌာန်းချက်ကို ချိုးဖဲ့လျက် ထင်ရာ လုပ်နေကြလျှင် ဘုရားရှင် ပညတ် အပ်ပြီးသည်ကို ချိုးဖဲ့ ပျက်ဆီးသည် မည်၏။

ဝိနည်း အသေး (အစွဲ အပြစ် အသေးအဖွဲ့)ခေါ် ခုဒ္ဒါနုခုဒ္ဒက အာပတ်တို့ကို စိတ်စေတနာနှင့် လွန်ကျူး ကျော်နင်း ကြကုန်မှုကား ပညတ်ချက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ကျင့်သုံး သောက်ထည့် နေကြသည် မမည်၊

ဆိုလိုရင်းကား၊ ။မပညတ်အပ်သည်ကို ပညတ်မှု၊ ပညတ် အပ်ပြီးကို လွန်ကျူး ကျော်နင်းမှု၊ ဝိနည်း အသေးအဖွဲ့များကို ကောင်းစွာ မကျင့် မလိုက်နာမှုတို့ကို ပြုလုပ်ကြမှု ရဟန်းကိစ္စ မပြီးနိုင်၊ ဆုတ်ယုတ် လျော့ပါးမှုသာ များပြားရာသည်-ဟု ဆိုလိုရင်း ရှိသတည်း။

ကောသလမင်းကြီး၏ အိပ်မက်စကား

၁၂-၁၃

ကောသလမင်းကြီး အိပ်မက်-၁၂။ ။အချည်းနှီးသော ဗူးသောင်း ဗူးခွံ များသည် ရေတွင် ရုပ်ရုပ် နစ်မြုပ်သည်ကို မြင်မက်ကြောင်း ဘုရားရှင်အား လျှောက်ထား လေသည်၊

ဘုရားရှင်၏ ဒိဋ္ဌိဆိုတော်မူချက်။ ။ယင်း အိပ်မက်၏ အကျိုးအပြစ်ကို ဘုရားရှင်က အောက်ပါအတိုင်း ဝေဖန် မြွက်ကြားတော်မူသည်။

နောက်နောင်သာသာ အမျိုးယုတ်သူ- အကျင့်စာရိတ္တ ညှိုးသူ- ရိုက်ခဲ့သူ- မတော်မဖြောင့်သူတို့မှာ နေရာတကာ၌ ဩဇာ အာဏာ ထွန်းမိုးကုန်အံ့၊ ၎င်းတို့ ပြောစကားသည် ပရိသတ် ပွဲကျအံ့၊ ၎င်းစကားသာ ရေးပါ အရာရောက်ကာ တွင်ကျယ်စွာ ဖြစ်အံ့၊ လူမှန် လူဖြောင့်တို့ စကားသည်ကား ဗူးသောင်းရေမှာ နစ်သလို နစ်မြုပ် ပျောက်ကွယ်အံ့။

ရဟန်းတို့လည်း သိက္ခာ သီလရှိသော ရဟန်းတို့၏ စကားသည် မတွင်ကျယ် အရာမရောက်ဘဲ ရှိအံ့၊ ၎င်းတို့စကားကို ယုံကြည် လိုက်နာသူ နည်းပါးအံ့၊ ၎င်းတို့ ခေတ်မစား၊ ပွဲ မတိုး ဘဲ ရှိအံ့။

သိက္ခာသီလ မစင်ကြယ်သော အလဇ္ဇီ ရဟန်းတို့၏ စကားသည်ကား ပွဲလယ် ပရိသတ်လယ်၌ တွင်ကျယ်စွာ ဖြစ်အံ့၊ ၎င်းတို့စကားကို လိုက်နာ ယုံကြည်ကြသူ များအံ့၊ ၎င်းရဟန်းတို့ကား နေရာတကာ၌ ခေတ်စားခြင်း- ပွဲတိုးခြင်း ရှိအံ့။

သုပိနပျို့။ ။ခပင်း သံဘော၊ ရဟန်းမှာလည်း၊ နှစ်ဖြာလဇ္ဇီ၊ ဝစီနှုတ်ယောင်၊ ယုတ်သူပြောင်၍၊ ကံဆောင်နှစ်ဖြာ၊ သံဘော စည်းဝေး၊ ရှိအရေးဘွင်၊ ။မနှေး ကြိုင်သပ် ပယ်အံ့တည်း။

ကောသလမင်းကြီး အိပ်မက်-၁၃။ ။အိပ်လုံး တောင်လုံး ကြီးပမာ ကြီးကျယ်စွာသော ကျောက်တုံး ကျောက်ပြားကြီး

တို့သည်(သေ့ သင်းဘော် အလား) ဘွားဘွား ပေါ်နေသည့်ကို မြင်မတ်ကြောင်း ဘုရားရှင်အား လျှောက်ထား လေသည်၊

ဘုရားရှင်၏ ငြိမ်းလိုတော်မူချက်။ ။နောက်နောင်ကာလ ရောက်သောအခါ၌ အမျိုးယုတ်သူ- ပညာဉာဏ်ရှားပါးသူ- အလဇ္ဇီ (သီလ မစင်ကြယ်သော) ဘုန်းကြီး ရဟန်းများကို လူခပင်းတို့က ရောဘူး ဂုဏ်သိရ် အမျိုးမျိုး ပေးအပ်မြှောက်စားကြကာ ထိုရဟန်း တို့ကိုပင် ပရိသတ်ရှေ့သို့ တင်ကြအံ့၊ ပရိသတ်တို့၏ ရှေ့ စောင် ရှေ့သွား ဖြစ်စေကြအံ့၊ ထိုရဟန်းဘို့သာ အရာရာ၌ ပေါ်လွင်ထင်ရှားခြင်း ဖြစ်ကုန်အံ့၊

သူ့ ပိန္နမျိုး၊ ။လဇ္ဇီပေသလ၊ ကာမသိက္ခာ၊ ပြည့်ရုံစွာသည့် သံဃာတလွှား၊ ထေရ်မြတ်အားလည်း၊ မပြားရောရ၊ ထိုလူရက်၊ ဒုဘာမရှင်း၊ အတူချင်းဟု။ ။ညွတ်ခြင်းမပြု ပယ်အံ့တည်း။

မန္တလေး

ဆီးဘန်းနီ ဆရာတော်ကြီး ဆုတောင်း

(လူမိုက် ၃ မျိုးနဲ့ လွဲ ရပါလို၏)

(၁) ဝိနည်းမကြိုက်၊ လောကလိုက်၊ ဘုန်းကြီးမိုက်နှင့်လွဲစေသော်။
(၂) တရားမကြိုက်၊ အမှားလိုက်၊ မိဘမိုက်နှင့် လွဲစေသော်၊
(၃) ဘုရားမကြိုက်၊ အမှားလိုက်၊ ဆရာမိုက်နှင့် လွဲစေသော်။

ဤဆုတောင်းကိုကား ဆီးဘန်းနီ ဆရာတော်ကြီး တောင်းသော တောင်းထရှိသော ဆုတောင်းဟုပင်- သိရှိရ၏၊ ချုပ်ပြီးအံ့ ဘုန်းကြီးမိုက်-မိဘမိုက်-ဆရာမိုက်လို့ ဆိုတဲ့ လူမိုက် ၃ မျိုးနဲ့ ဘယ်အခါမှ မတွေ့ပါရစေနဲ့-ဟု အဓိပ္ပါယ်ရ၏၊ ရဟန်း ကိုယ်ကျင့်တရားဖြစ်တဲ့ ဝိနည်းကျင့်ဝတ်ကိုကား ဂရုမစိုက် မလိုက်နာ မပြုကျင့် ကိုယ့်လုပ်ငန်း မဟုတ်တဲ့ လောကရေး လူမှုရေး

နိုင်ငံရေးကို လိုက်စားသော ဘုန်းကြီး ရဟန်းတို့ကား ဘုန်းကြီးမိုက် ဟူ-၍ပင်း ဆရာတော်ကြီးက ဆိုလိုဟန် ရှိ၏၊ ဝိနည်းသံပါပါ ပြောရလျှင် အလဇ္ဇီ ရဟန်းသည် ဘုန်းကြီးမိုက်ဖြစ်၍-လဇ္ဇီရဟန်းကား ဘုန်းကြီးလိမ်မာပင် ဖြစ်ရာ၏-ဟု ဆိုလို့အဓိပ္ပါယ် သက်ရောက်လျက်ရှိ၏၊ ထို့အတူ ဆိုင်ရာ ကိုယ်ကျင့်တရား ပျက်ပြားလျက်ရှိသူကိုကား မိဘမိုက် ဆရာမိုက် ဟုပင် ဆိုလိုရင်း ရှိပေသည်၊ ဤသည့် လူမိုက် ၃ မျိုးနှင့် သံသရာတခွင်မှာ တက်တက်စင် လွဲရပါလို၏ ဟူသော ဆုတောင်းကား ဆီးဘန်းနီ ဆရာတော်မြတ်၏ ဆုတောင်းပင် ဖြစ်သတည်း၊

ခင်မွန် ဆရာတော်ကြီး ဩဝါဒ

(စာလဲတတ် သီလလဲရှိအောင် လုပ်)

အနာဂတေ (သာသနံ) လဇ္ဇီ ရက္ခိဿတိ-နောင်အခါ၌ ဘုရား သာသနာတော်ကို လဇ္ဇီရဟန်း (ကိုယ်ကျင့်တရား ကောင်းမွန်စွာရှိသော ရဟန်း)များသည် စောင့်ရှောက် လတံ့၊ (အဋ္ဌကထာ)၊

လဇ္ဇီ စာတတ်ရဟန်း-အလဇ္ဇီစာတတ် ရဟန်း ၂ မျိုးတွင် အလဇ္ဇီစာတတ်ရဟန်းသည် သာသနာတော်ကို ဖျက်ဆီးနိုင်၍ လဇ္ဇီရဟန်းသာ သာသနာကို ထွန်းလင်း အောင်ရွက်ဆောင်နိုင်ရကား လဇ္ဇီရဟန်း စာလဲတတ်- သီလလဲ စင်ကြယ်သော ရဟန်း)ဖြစ်အောင် အထူးသတိဆောင် အားထုတ်ကြ၊

ဆင်ခြေ ဆင်လက်များ

ဘုန်းကြီးများ ခဲပေး မဲ့ယူမှုအတွက် အပြစ်မရှိနိုင်ပါဟု ဘယ်သူ တဦးတယောက်မျှ ငြင်းဆိုနိုင်လိမ့် မရှိသော်လည်း။ (အပြစ်တပဲသားမျှကို လွန်ကျူးခြင်းဖြင့် အကျိုးတပိဿာသာ ရမည့်ဖြစ်ပါမူ သေးငယ်သော အပြစ်ကို လွန်ကျူးရန် မကြောက်သင့် ဂရုမစိုက်သင့်) ဟူသော လောက စကားနှင့် လောကအလင်္ကာကို ကိုးကားကာ မဖြေပလောက်သော အပြစ်ကို ကျုပ်တို့ဦးပဉ္စင်းတို့ဂရုမစိုက်နိုင် ခဲပေးမဲယူမှုဖြင့် သာသနာ့ အကျိုး ဖြစ်ထွန်းဘွယ်ရာ များစွာရှိသည်ဟု ဆိုကြသော ဆင်ခြေ ဆင်လက် စကားတို့၌ ဟုတ်သားဘဲဟု နားယောင်သူများ လဲ ရှိကြပေမည် ထိုသူများ နားမယောင်ရန်နှင့် ထိုသည့် အမှုကိစ္စမျိုး ပြုသင့် မပြုသင့်ကိုကား ပထမအကြိမ် သူ့အလုပ် ကိုယ့်အလုပ်နှင့် ဝေဘန် ရှင်းလင်းခဲ့သည်၊ ဥာဏ်မြင် သန့်ရှင်းစေရာသည်၊

အလုပ်နဲ့ အပြစ်နဲ့ ဝေဘန်မှု

မျက်နှာ နံပါတ် ၁၀-၁၁-တို့က ဆိုခဲ့သော(ရဟန်းအပြစ် နှင့် ဘုရားရှင်၏ မူလရည်ရွယ်ချက် ရဟန်းအလုပ်နှင့်-လူ့အလုပ်) ၂ ခဏ်းကို သတိထားမိလျှင်-မြန်ထည် ကြည့်ရှုမိလျှင် ဘုန်းကြီးများ ထိုအလုပ်ကို ပြုလုပ်ခြင်း သင့် မသင့်၊ ပြုလုပ်ရန် တော် မတော်ကို အလွယ်တကူနှင့် နှိုင်းချိန် ဆုံးဖြတ်နိုင်ရာ သည်၊ ဘုရားရှင်၏ လုပ်ငန်း အဘာသချဲ့ခြင်းကား ထိုသို့သော လူမှုရေးရာနှင့် ရဟန်းများ မသက်ဆိုင် သည်ကိုလည်း သိစေ လိုရင်း ရှိသတည်း။

ဝတ္ထု ၄ ပုဒ် ကောက်နုတ်ချက်

သာသနာကဲ့ရဲ့ဖို့တော့ တသံသရာလုံးမှောက်ပုံကို ရေးသားရာ၌ အနုကထာသာ ဝတ္ထုကြောင်း ၄ ပုဒ်ကို ဘာသာပြန်ဆို ထည့်သွင်းခဲ့၏၊ ထို ဝတ္ထုတွင်-

(၁) သွေးအန် ထွက်ကြသော ရဟန်း ၆၀ ဝတ္ထု၌ ဝိနည်း အသေးအဖွဲ့များကို လွန်ကျူးမှုနှင့် ဝိနည်းပြစ်ကြီးများ ကို လွန်ကျူးမှုကြောင့် သောသော ဆယ်ဆယ် အပြစ်ဒဏ် ခံရပုံများကို ပေါ်ပြ၏၊

(၂) ဧရကပတ္တ နဂါးဝတ္ထု၌ ဝိနည်းပြစ်ဒဏ်ကို လွန်ကျူးခဲ့ရာ၌ ဂရုစိုက် သတိထားကာ မကုစားမိတဲ့အတွက် ကဿပဘုရားရှင်၏ သာသနာခေတ်ကစ၍ ကျုပ်တို့ဘုရားရှင် လက်ထက်တော် အထိ အသွန် ကာလကြာမြင့်စွာ နဂါးဖြစ် နေရပုံကို ပေါ်ပြ၏၊

(၃) ကပိလရဟန်း ဝတ္ထု၌ ဝိနည်းပြစ် အကြီး အသေးဟူသမျှကို လွန်ကျူးပုံ၊ သိက္ခာပုဒ်များကို အသစ်သစ် ပယ်မ တည်ထွင် ပညတ်ခြင်း ပညတ်အပ်ပြီးကို ဖျက်ဆီးခြင်းဖြင့် သာသနာကို ပုန်ကန် စော်ကားမှုကြောင့် အသွန်ကာလ ကြာမြင့်စွာ ကြီးလေးသော အပြစ်ရရှိပုံများ ပေါ်ပြ၏၊

(၄) သင်္ဃာဝစကားပုံ ဝတ္ထု၌ကား ကိုယ့်အလုပ် မဟုတ်တဲ့ လူမှုရေးရာ၌ ရဟန်းတို့ လိုက်မှား ပြုလုပ်မိတဲ့အတွက် သေးငယ်သော ဆယ်ဆယ် ကဲ့ရဲ့ရှုတ်ချ ခံရခြင်း၊ စသည် အမျိုးမျိုး နှင့် ရေးသက္ကုများ အလားတူ သံသရာပြစ်များ ကျရောက်ထိ ပါးဘွယ် ရှိရာသည်ကို အလျှော်နည်း (အနုလောမနည်း)အားဖြင့် ပေါ်ပြ၏၊

နိဂုံးချုပ် ဆိုလိုရင်းစကား

(ဤစာအုပ်ကို ကြည့်ရှုကာ မဲပေး မဲယူမှုကို ဆုံးဖြတ်ပါ)

ဤစာအုပ် အစမှ အဆုံး ဖတ်ရှုပြီးတဲ့နောက် ဘုန်းကြီးများ မဲပေး မဲ-ယူမှုကိစ္စဖြင့် လူမှုရေး နိုင်ငံရေး၌ ပါဝင်တဲ့အတွက် ဝိနည်းပြစ် ရှိ မရှိကိုရင်း-ဝိနည်းဖြစ် ရှိခဲ့သော် လောကဖြစ် သံသရာဖြစ်များမှာလဲ မချရှိမည်ကိုရင်း- သိရှိနားလည်ရခြင်း အားဖြင့်-ဘုန်းကြီးများ မဲပေး မဲယူမှုအတွက် သင့် မသင့်ကို ကိုယ်ကိုတိုင် ဝေဘန် ဆုံးဖြတ်ပါ၊ ထိုသို့ ဝေဘန်ဆုံးဖြတ် နိုင်ရန်အတွက် ဤစာအုပ်သည် ခိုင်မာသော အားကိုး အားထားရာ ထာဝရအဖြစ်၌ မချ တည်ရှိမည်ဖြစ်ပါသည်။

ပြီးပြီ။

နိုင်ငံနှင့်လူထုအကျိုး
စာအုပ်များ

- နိုင်ငံရေးစာအုပ်
- စီးပွါးရေးစာအုပ်
- လူမျိုးရေးစာအုပ်
- သာသနာရေးစာအုပ်
- ပညာရေးစာအုပ်
- ဗဟုသုတပွါးများရေးစာအုပ်
- ကျမ်းစာအုပ်အမျိုးမျိုး
- ဝတ္ထုစာအုပ်များ

အထက်တွင် ဖေါ်ပြထားသော စာအုပ်များကို အထက်တန်းစား အသုံးဝင်သော စာပေမှတ်စောင်ဖြစ်အောင် ရေးသား၍ မှုနိုင်ရောင်းချလိုသော ကလောင်ရှင်များအတွက် အထူးအားပေး နေပါသည်။

စာရေးဆရာနှင့် ကလောင်ရှင်များ
ခေတ်ကို မြှင့်တင် ပေးနေပါပြီ။

မြန်မာစာနှင့် အင်္ဂလိပ်စာ အရွယ်အမျိုးမျိုး၊ စာလုံး အမျိုးမျိုး၊ စတိုင် အမျိုးမျိုးနှင့် အထက်တန်းစား ပုံနှိပ်လုပ်ငန်းများကို သာလျှင် လက်ခံ လုပ်ကိုင်ပေးနေသော တိုက်ဖြစ်ပါသည်။

U BA THAUNG PRINTING WORK.

ဦးဘသောင်း-စာပုံနှိပ်တိုက်။

၂၃၉။ ပန်းဆိုးတန်း။ ရန်ကုန်မြို့။

PRINTED & PUBLISHED BY. U BA THAUNG PRINTING WORKS
239, PHAYRE STREET, RANGOON.